# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (28-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၇

အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ နှင့်အတူ **စာမျက်နှာ ၁၆ ကော်လံ ၁**

## လှပမှုအစုစု နံ့သာပု မြန်မာနိုင်ငံအစွန်း ဂေါ်ရန်ဂျီကျွန်း

ဆောင်းပါး စာမျက်နှာ - ၂၈

## ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

စာမျက်နှာ - ၃

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

## နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိ



နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိစဉ်။

ပူတာအို ဇွန် ၂၇

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့လာသောကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုကားလမ်းမကြီးအတိုင်း တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ယမန်နေ့ ညနေပိုင်းက ပူတာအိုမြို့သို့ ရောက်ရှိလာသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁**

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ **စာမျက်နှာ ၁၉ ကော်လံ ၁**

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၂၈ ရက်
အယ်ဒီတာ့အာဘော်

## စားရေရိက္ခာဖူလုံရေး အလေးထားဆောင်ရွက်

ကမ္ဘာဦးကာလမှသည် ယနေ့မျက်မှောက်ခေတ်တိုင်အောင် လူသားတို့၏ အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသောလိုအပ်ချက်မှာ စားရေရိက္ခာဖြစ်သည်။ စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ရပ်လည်းဖြစ်သည်။

စားရေရိက္ခာဆိုသည်မှာ တိုက်ရိုက်စားသုံးသည့် စားကုန်ပစ္စည်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ၊ တိုက်ရိုက်စားသုံး၍မရသည့် မီးဖိုဆောင်သုံးသီးနှံများအပါအဝင် ဆန်၊ ဂျုံ၊ ပြောင်း စသည့်ပစ္စည်းများဖြစ်သည်။ ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာမှုတို့ကြောင့် စားရေရိက္ခာလုံခြုံစိတ်ချရမှု(Food Security)မှာ ကမ္ဘာ့အဆင့်စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့်တိုင်းပြည်သာယာဝပြောရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ချမှတ်၍ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြ၍ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ကြလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် စပါးစိုက်ပျိုးဧက ၁၅ သန်း၊ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ပျိုး ဧက ၂ ဒသမ ၇ သန်း၊ နှမ်းစိုက်ပျိုးဧကလေးသန်း စသည်ဖြင့် စုစုပေါင်းစိုက်ပျိုးဧက ၃၃ သန်းကျော်ရှိသည်။ ထို့အတူပင် စိုက်ပျိုးရေးနှင့်ဆက်စပ်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဟန်ချက်ညီညီဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများမြင့်မားလာမည်မှာ မလွဲကေန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် စားရေရိက္ခာဖူလုံရေးအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၂၆ ရက်တွင်ကျင်းပသည့် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေး၌ အမှာစကားပြောကြားစဉ် **"စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းရရန်၊ မြေပြုပြင်ခြင်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကိုရွေးချယ်မွေးမြူရန်၊ အရည်အသွေးပြည့်မီသည့် တိရစ္ဆာန်အစာများကျွေးမွေးရန်နှင့် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာတိုက်ကျွေးရန်၊ နည်းစနစ်တကျမွေးမြူဆောင်ရွက်သွားရန်လိုကြောင်း"**စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် အခြေခံပညာအလယ်တန်းမှစတင်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာများသင်ကြားပေးလျက်ရှိကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်ချေးငွေများ ထပ်မံထုတ်ချေးပေးခြင်းအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ ဒေသအသီးသီးမှ ရှိရင်းစွဲရေမြေသယံဇာတများကို အထိရောက်ဆုံးအသုံးချ၍ စားရေရိက္ခာဖူလုံပြည့်စုံရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲဒီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မဲဒီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၅၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၈၄၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၁၈၄၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၁၈၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လပထမပတ်မှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲကြီး ၁၈၄၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ပဲကြီးကို အရည်အသွေးနဲ့အထွက်နှုန်းကောင်းဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စတဲ့တောင်သူပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး စသည့်စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကျုံပျော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ကျုံပျော် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဇွန်လဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက လတ်ဆတ်မှုရှိပြီး အရည်သွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလိုဒေသထွက် ခဝဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ခဝဲသီးစိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် အဆိုပါ ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ခဝဲသီးစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက် အရှေ့မြို့ပတ်လမ်းနှင့် ၁၀ လမ်းထောင့်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ မန္တလေးခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးစည်သူလင်း၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇင်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ စုစုပေါင်းဦးရေ ၆၅၀ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက ပြည်သူတစ်ဦးထံ ပျိုးပင်ဖြန့်ဝေပေးခဲ့ပြီးနောက် တက်ရောက်လာသူများမှ သတ်မှတ်နေရာများတွင် တမာ၊ ကံ့ကော်၊ ကုက္ကို၊ မန်ကျည်း၊ စိန်ပန်းကြီး၊ မည်စည်၊ လင်းလွန်း၊ အင်ကြင် စသည့် သစ်မျိုးအပင်ရေ ၆၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ထို့နောက် အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ခရိုင်ကော်မတီဝင်များက သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၀၂၇)

# ကျောက်ဆည်တက္ကသိုလ်၏ ၂၄ နှစ်မြောက်နှစ်ပတ်လည် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**စဉ့်ကိုင် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ်၏ ၂၄ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ကေရာဇ်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။

ရေးဦးစွာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ သုတေသနစာတမ်းဖတ်ပွဲကိုကျင်းပရာ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာစာ လေးစောင်၊ အင်္ဂလိပ်စာ သုံးစောင်၊ ပထဝီဝင် နှစ်စောင်၊ သမိုင်း တစ်စောင်၊ ဒဿနိကဗေဒ နှစ်စောင်၊ ဥပဒေပညာတစ်စောင်၊ သိပ္ပံဘာသာတွဲတွင် ဓာတုဗေဒ နှစ်စောင်၊ ရူပဗေဒ ငါးစောင်၊ သင်္ချာ နှစ်စောင်၊ သတ္တဗေဒ သုံးစောင်၊ ရုက္ခဗေဒ ငါးစောင်၊ ဘူမိဗေဒ တစ်စောင်တို့ကို တင်သွင်းဖတ်ကြားသွားခဲ့သည်။

အခမ်းအနားသို့ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သုတေသနစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ သုတေသနစာတမ်းတင်သွင်းဖတ်ကြားမည့် စာတမ်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ညောင်ဦးမြို့နယ် တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရွာကျေးရွာအုပ်စု တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ခွင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ဝက်လက် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၃၁၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ငှက်ပျော ၂၃၁၁ ဧက စိုက်ပျိုးဖို့လျာထားပြီး လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာလဲ ငှက်ပျောစိုက်တာမျိုး တွေ့လာရတယ်။ လယ်ကန်သင်းတွေမှာ စိုက်ပျိုးတာဟာ များသောအားဖြင့် ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာပါတယ်" ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ငှက်ပျော တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း လယ်ငါးခူပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါလယ်ငါးခူ ၁၀ ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၂၈၅၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း လယ်ငါးခူပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားဖြစ်ပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေနေပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် လယ်ငါးခူများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ လယ်ငါးခူများတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပြောင်းလဲလာသော ဈေးကွက်ဖော်ဆောင်မှု

မျိုးသူ(ကုန်သွယ်မြှင့်)

**❖ ကုန်ပစ္စည်း အရည်အသွေး၊ ဖောက်သည်ဗဟိုပြု နည်းလမ်းများထက် လူတို့၏စိတ်ခံစားချက်များ၊ စိတ်ပိုင်းဆိုင်ရာတန်ဖိုးထားမှုများကို အလေးထား၍ ဈေးကွက်ဖော်ဆောင်မှုများကို ဦးစားပေးဆောင်ရွက်လာကြသည်။ တစ်ဦးချင်းစိတ်ခံစားချက်များကိုပင် အလေးထားစဉ်းစားလာတတ်သည်။ ၂၀၁၀ ပြည့်နှစ်များတွင် မူလရိုးရာအတိုင်း ဈေးကွက်ဖော်ဆောင်ကြသည့် နည်းလမ်းများမှ ခွဲထွက်လာပြီး ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ဈေးကွက်ဖော်ဆောင်လာကြသည်။ ထို့နောက်တွင် ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများ ပြောင်းလဲမှုသည် မြန်ဆန်လာပြီး ဉာဏ်ရည်တုနည်းပညာ (AI)ကဲ့သို့ အဆင့်မြင့်နည်းပညာများဖြင့် လုပ်ဆောင်လာကြသည်။ ❖**

ဈေးကွက်ဖော်ဆောင်မှုသည် ဈေးရောင်းချမှုအတွက်လိုအပ်သော လုပ်ငန်းတစ်ခုဖြစ်နေသည်။ မိမိ၏ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအတွက် ဈေးကွက်ဖော်ဆောင်မှုဟူသော ပိုမိုရောင်းချရရေးဆောင်ရွက်ချက်များသည် မရှိမဖြစ်လိုအပ်သော အချက်တစ်ချက်ဖြစ်သည်ဟု ဆိုနိုင်သည်။ အသုံးအဆောင်ပစ္စည်းတစ်ခုခုကို ကောင်းကြောင်းချီးမွမ်းခြင်းမှစ၍ နာမည်ကြီးရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ Influencers များဖြင့် ကြော်ငြာခြင်းများထိကို ဈေးကွက်ဖော်ဆောင်မှုပြုခြင်းဟု ဆိုနိုင်သည်။ ကုန်ပစ္စည်းများကို အများအပြား ထုတ်လုပ်စအချိန်များက ကုန်ပစ္စည်း၏အရည်အသွေး ကောင်းကြောင်းကို အဓိကထား ကြော်ငြာလေ့ရှိကြသည်။ နောက်ပိုင်းတွင် သတင်းအချက်အလက်များ၊ Media များဖြင့် မိမိကုန်ပစ္စည်းကို များများနှင့် မကြာခဏမြင်စေရန် ဖန်တီးပြီး ဈေးကွက်ဖော်ဆောင်လာကြသည်။ Philip Kotler ၏ ကမ္ဘာကျော် Marketing စာအုပ်များအရ ၁၉၅၀ ပြည့်နှစ် မှ ၁၉၆၀ ပြည့်နှစ်များတွင် ဈေးကွက်ဖော်ဆောင်ရေးသည် ထုတ်ကုန်များ၏ အရည်အသွေးပေါ်အခြေခံသော ဈေးကွက်ဖော်ဆောင်ရေးပုံစံဖြစ်သည်။ ပစ္စည်းကောင်းလျှင် ရောင်းရသည်၊ ဈေးကွက်ဖော်ဆောင်ရာတွင်လည်း ပစ္စည်းကောင်းခြင်းကို အဓိကထားပြောလေ့ရှိသည်။

ထို့နောက် ၁၉၇၀ ပြည့်နှစ်များမှ ၁၉၈၀ ပြည့်နှစ်များအတွင်းတွင်မူ ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများသည် ဖောက်သည်ဗဟိုပြုနည်းလမ်းများဖြစ်လာသည်။ ဝယ်ယူသူတို့၏ စိတ်ကျေနပ်မှုရအောင် ဖြည့်ဆည်းပေးသော နည်းလမ်းများဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ်များတွင်မူ လူသားဆန်မှုကိုဗဟိုပြုသော ဈေးကွက်ဖော်ဆောင်ရေးကို ဆောင်ရွက်လာကြသည်။ ကုန်ပစ္စည်းအရည်အသွေး၊ ဖောက်သည်ဗဟိုပြု နည်းလမ်းများထက် လူတို့၏စိတ်ခံစားချက်များ၊ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုများကို အလေးထား၍ ဈေးကွက်ဖော်ဆောင်မှုများကို ဦးစားပေးဆောင်ရွက်လာကြသည်။ တစ်ဦးချင်းစိတ်ခံစားချက်များကိုပင် အလေးထားစဉ်းစားလာတတ်သည်။ ၂၀၁၀ ပြည့်နှစ်များတွင် မူလရိုးရာအတိုင်း ဈေးကွက်ဖော်ဆောင်ကြသည့် နည်းလမ်းများမှ ခွဲထွက်လာပြီး ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ဈေးကွက်ဖော်ဆောင်လာကြသည်။ ထို့နောက်တွင် ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများ ပြောင်းလဲမှုသည် မြန်ဆန်လာပြီး ဉာဏ်ရည်တုနည်းပညာ (AI) ကဲ့သို့ အဆင့်မြင့် နည်းပညာများဖြင့် လုပ်ဆောင်လာကြသည်။ လူသားတို့အတွက် စိတ်ကူးမှုနှင့် လက်တွေ့ကမ္ဘာကို ချိတ်ဆက်နိုင်အောင် နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်မှုများထိ ဈေးကွက်ဖော်ဆောင်မှုများဖြစ်ထွန်းလာပြီး နောက်ဆုံးအနေဖြင့် နည်းပညာများသည် လူသား၏ မနောစိတ်အာရုံ၊ အတွေးအခေါ်၊ အမြော်အမြင်၊ ခံစားချက်တို့ကိုဗဟိုပြု၍ လုပ်ကိုင်မှုများထိ ဈေးကွက်ဖော်ဆောင်လာပြီဟုဆိုသည်။ AI နည်းပညာသည် လူသားတို့၏စိတ်ကို ဖတ်နိုင်၊ လိုက်ပါနိုင်သည်ထိ တိုးတက်လာနေပြီဖြစ်၍ AI နည်းပညာဖြင့် ဈေးကွက်ဖော်ဆောင်ခြင်းအဆင့်ထိ အံ့မခန်းရောက်ရှိနေပြီဖြစ်သည်။

**စိတ်မနေသာဆီသို့**

နည်းပညာတိုးတက်မှုများ များပြားလာပြီး နည်းပညာများသည် ရှောင်မလွှတ်အောင်ဖြစ်လာသဖြင့် လူငယ်နှင့် လူလတ်ပိုင်းများအတွက် လေးထောင့်ပုံမှန်ပြင်များ (စမတ်ဖုန်းများ၊ အိုင်ပက်၊ တက်ဘလက်၊ လက်တော့၊ ကွန်ပျူတာ၊ တီဗီများ) သည် နေ့စဉ်ဘဝအတွက် မပါမပြီးဖြစ်လာသည်။ သို့ဖြစ်၍ နေ့စဉ်ဘဝသည် အာရုံငါးပါးမလိုဘဲ အမြင်နှင့်အကြားအာရုံနှစ်ခုဖြင့်သာ လည်ပတ်နေသကဲ့သို့ ဖြစ်နေသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် လူသားတို့သည် စက်ရုပ်ဆန်ဆန် လှုပ်ရှားနေကြပြီး ခံစားချက်မဲ့လာသကဲ့သို့ ဖြစ်လာနေသည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း စိတ်ကျေနပ်မှု၊ စိတ်ခံစားချက်တို့ကို ဦးစားပေးခြင်းအစား လော့ဂျစ်ကျကျ စဉ်းစားဆုံးဖြတ်ခြင်းကဲ့သို့ အရာရာတွင် ဒေတာအချက်အလက်များ၊ သတင်းအချက်အလက်များပေါ်သာအခြေခံစဉ်းစားဆုံးဖြတ်မှု များလာသဖြင့် စိတ်ခံစားချက်သည် နောက်တန်းရောက်လာသည်။

သို့ရာတွင် လူသားတို့၏စိတ်ပိုင်းဆိုင်ရာ ခံစားချက်များ၊ အတွေးအခေါ်များနှင့် ဆုံးဖြတ်ချက်ချမှတ်ပုံများသည် အရေးပါနေသည်သာဖြစ်သည်။ ဆုံးဖြတ်ချက်များကိုချမှတ်ရာတွင် အမြန်စိတ်၊ အလိုအလျောက် ဆုံးဖြတ်သည့်စိတ်နှင့် အနှေးစိတ်၊ စဉ်းစားဆုံးဖြတ်သည့်စိတ်ဟူ၍ နှစ်မျိုးရှိကြောင်း သိထားသည်။ အမြန်စိတ်သည် အလေ့အထဖြစ်မှုကြောင့် အမြန်ဆုံးဖြတ်ခြင်းဖြစ်ပြီး မှားတတ်သည်။ သို့သော် နေ့စဉ်ဆုံးဖြတ်ချက်များတွင် အမြန်စိတ်ဖြင့်သာ အများဆုံး ဆုံးဖြတ်ကြသဖြင့် ဈေးကွက်ဖော်ဆောင်မှုတွင်လည်း လူတို့အလေ့အထ ဖြစ်လာအောင် လုပ်ပေးသည့်နည်းလမ်းများကို အများဆုံးသုံးကြခြင်းဖြစ်သည်။ ဥပမာ ကြော်ငြာများတွင် မကြာခဏလွှင့်ထုတ်ပေးခြင်းသည် စိတ်ထဲတွင် အလေ့အထတစ်ခုဖြစ်လာပြီး မြင်ပါများတော့ ကြင်ဆိုသကဲ့သို့ ဖြစ်လာတတ်သည့် အမြန်စိတ်ကဆုံးဖြတ်နိုင်အောင် ဖော်ဆောင်ထားသည့် ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းတစ်ခုဖြစ်သည်။ သို့ရာတွင် ထိုသို့ကြော်ငြာများ များပြားလာသည့်အခါတွင် လူသားတို့သည် အားလုံးကို စိတ်အတွင်းထဲထိလက်ခံခြင်းမျိုးမဟုတ်ဘဲ စစ်ထုတ်ပစ်သဖြင့် လူသားတို့၏ စိတ်နယ်ပယ်အတွင်း ရောက်စေသည့် နည်းလမ်းများကို ပြင်ဆင်ရန် လိုအပ်လာခြင်းဖြစ်သည်။

စိတ်အာရုံအတွင်းထဲထိရောက်စေရန်အတွက် နည်းလမ်းသုံးမျိုးရှိသည်။ ပထမတစ်ခုမှာ လူမှုဝန်းကျင်မှတစ်ဆင့် ဝင်ရောက်နည်း၊ ဒုတိယနည်းမှာ ပုဂ္ဂလိက ဆင်ခြင်တုံတရားမှတစ်ဆင့် ဝင်ရောက်ခြင်းနှင့် တတိယနည်းလမ်းမှာ ထူးခြားသော အတွေ့အကြုံများပေးသည့် နည်းလမ်းတို့ဖြစ်ကြသည်။ ပထမဆုံးနည်းလမ်းဖြစ်သော လူမှုဝန်းကျင်မှတစ်ဆင့် ဝင်ရောက်နည်းသည် အလွယ်ကူဆုံးနည်းလမ်းဟု ပြောနိုင်မည်ထင်သည်။ ဈေးဝယ်သူများသည် မည်သည့်ပစ္စည်းကိုဝယ်ယူမည်ဟု တိတိကျကျ မဆုံးဖြတ်နိုင်ချိန်များတွင် မိမိပတ်ဝန်းကျင်တွင် လူအများလက်ခံသုံးစွဲနေသောပစ္စည်းကို ဝယ်ယူခြင်း တစ်နည်းအားဖြင့် ဝယ်ယူသူများပြားသောဆိုင်တွင် ဝယ်ယူခြင်းက ဝယ်ယူသူနည်းပါးသောဆိုင်ထက် အာမခံချက်ရှိသည်ဟု စိတ်တွင်ထင်မြင်ပြီး ဝယ်ယူတတ်သည့် စိတ်ပိုင်းဆိုင်ရာခံစားချက်ပေါ်တွင် ဈေးကွက်ဖော်ဆောင်ကြခြင်းဖြစ်သည်။ ကြိတ်ကြိတ်တိုးဝယ်ယူနေသောဆိုင်တွင် စိတ်ရှည်လက်ရှည် တန်းစီနေသူများတွင် တစ်ခါမျှမဝယ်ယူဘူးသူလည်း အများအပြားပါဝင်တတ်သည်။ ထိုသူများသည် အခြားသူများ တန်းစီဝယ်ယူနေသဖြင့် ကောင်းသောပစ္စည်းဖြစ်မည်ဟူသော မှန်းဆချက်ဖြင့် ဝင်ရောက်တန်းစီ ဝယ်ယူခြင်းဖြစ်သည်။ ထိုသူများသည် အများက သုံးစွဲသည်ကိုလိုက်၍ သုံးစွဲခြင်းသည် ကိုယ့်ဘာသာ စဉ်းစားဝယ်ယူခြင်းထက် ကောင်းသောပစ္စည်းကို ရနိုင်သည်ဟု စိတ်အတွင်းက စဉ်းစားခြင်းကြောင့် ဖြစ်သည်။ အလားတူပင် မိမိသူငယ်ချင်းမိတ်ဆွေများ ဝယ်ယူသုံးစွဲသည့်ပစ္စည်းမျိုးကို လိုက်လံဝယ်ယူတတ်ခြင်းသည်လည်း စိတ်ခံစားချက်အရ စိတ်အတွင်း ရင်းနှီးယုံကြည်သူသည် မကောင်းသည်ကိုမပြုဟုခံစားချက်ကြောင့် လိုက်ပါဝယ်ယူတတ်ကြခြင်းဖြစ်သည်။

AI နည်းပညာများသည် စစ်တမ်းများကို လူသားများထက်ပင် ပိုမိုမြန်ဆန်စွာ ခန့်မှန်းလာနိုင်သည်ကို အကြောင်းပြု၍ တစ်ဦးချင်း၏စိတ်သဘောထားကို ကောင်းစွာသုံးသပ်နိုင်ကြောင်း တွေ့နေရပြီဖြစ်သည်။ လူအုပ်စုလိုက် မည်သည့်ပစ္စည်းကို နှစ်သက်သည်၊ မည်သည့်အသက်အုပ်စုသည် ယခုအချိန်တွင် ဘာကို စိတ်ဝင်စားမှုများပြားသည်ကို ကောင်းစွာသုံးသပ်နိုင်သည်။ ထို AI နည်းပညာ၏ ဆန်းစစ်ချက်များပေါ် အခြေခံပြီး လူတို့၏စိတ်အတွင်းက လိုလားချက်ကို အနီးစပ်ဆုံးခန့်မှန်းပြီး ဈေးကွက်ဖော်ဆောင်နိုင်သည်။ လူတစ်ဦးချင်း၊ တစ်အုပ်စုချင်းထိ အသေးစိတ်ခံစားချက်များ၊ အတွေးအခေါ်များကိုကြည့်၍ စိတ်ကျေနပ်စေမည့်အရာကိုခန့်မှန်းကာ ဈေးကွက်ဖော်ဆောင်ခြင်းမျိုးဖြစ်သည်။

နောက်ဆုံးတစ်ခုမှာ လူတို့သည် အတွေ့အကြုံကောင်းများကို ရေရှည်စွဲမြဲနေတတ်သည်။ ထူးခြားသည့်အတွေ့အကြုံများကိုလည်း စွဲမြဲနေတတ်သည်။ ထိုအတွေ့အကြုံများသည် အနာဂတ်တွင် ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူရန်အတွက် တွန်းအားများ၊ စိတ်ခွန်အားများ ဖြစ်လာစေတတ်သည်။ တိုယိုတာကားနှင့်ပတ်သက်လျှင် မြန်မာပြည်သူများအတွက် အတွေ့အကြုံကောင်းများ များစွာရှိနေတတ်သဖြင့် ဆီကားဖြစ်စေ၊ EV ဖြစ်စေ မြန်မာလူမျိုးအများစုက ကြိုက်နှစ်သက်ကြ၊ ဝယ်ယူကြသည်သာ ဖြစ်သည်။ အလားတူပင် Samsung, Kia စသည် ကိုရီးယား Brand များသည်လည်း မြန်မာတို့အတွက် ကိုရီးယားမိတ်ဆိုသည့်အစွဲဖြင့် ဝယ်ယူအားပေးနေကြသည်ကိုတွေ့နိုင်သည်။ ဈေးကွက်ဖော်ထုတ်ရေးသမားတစ်ဦးအနေဖြင့် နောက်ဘာကို Marketing လုပ်မလဲဆိုသည်မျိုးထက် ဘယ် Target Customer ကို ရည်ရွယ်ပြီး ဈေးကွက်ဖော်ထုတ်မလဲ၊ Gen Z လား၊ Gen Yလား၊ Gen X လား စသည်ဖြင့် အလွှာအလိုက်ရွေးချယ်ပြီး သူတို့ခံစားနေရသည့် အခက်အခဲများကို မည်သို့ဖြေရှင်းပေးမည်၊ မည်သို့သောအချက်များဖြင့် ထူးခြားသည့်အတွေ့အကြုံများ ဖော်ဆောင်ပေးမည် စသည်ဖြင့် အသေးစိတ်စီစဉ်နိုင်ရန် လိုအပ်သည်။ ကိုယ့်အမှတ်တံဆိပ်ကို ဝယ်ယူသူများ စွဲမြဲစွာမှတ်မိနေစေရေးကို အထူးကြိုးစားတည်ဆောက်ရမည်။

**အတိုဆုံးသော ပုံပြောကြည့်ပါ**

နာမည်ကြီး မင်းသား၊ မင်းသမီးများနှင့်ကြော်ငြာများတွင် ကုန်ပစ္စည်းအကြောင်းအရာများ အများကြီးပြနေသည်ထက် Vlogger တစ်ဦးက အများပတ်ဝန်းကျင်မှာ သုံးပြ၊ စားပြလိုက်ခြင်းက ပိုကောင်းသည်ဟု ထင်လာကြသည်။ ကားအရောင်းကြော်ငြာများကို မကြာခဏ အပြိုင်အဆိုင်ပြနေသည်ကို တွေ့နေရသည်။ ရောင်းမည့်ကားအကြောင်းကို အသေးစိတ်ပြောပြ၊ ချီးမွမ်းပြနေကြသည်က များသည်။ ပြောလေ့ရှိသည့်ဆေးက အော်ဆေးပါ၊ ၉၉ ရာခိုင်နှုန်းလောက်ကျန်သည်ဆိုခြင်းမျိုးက ဝယ်ယူမည့်သူက မယုံစရာတစ်မျိုးကို သတိပေးလိုက်သကဲ့သို့ပင်။ မြန်မာနိုင်ငံက ကားအဟောင်းများတွင် အော်ဆေးက ကျန်ရင်တောင် အနည်းအပါးပင် ကျန်မည်။ အတိုက်အခိုက်ရှင်းသည်၊ အာမခံသည်ဆိုခြင်းကမှ ယုံစရာဖြစ်ဦးမည်။ မိုးအေးအေးလေးကို ဝရန်တာကကြည့်ရင်း ကော်ဖီခွက်လေးကိုကိုင်ထားသည်မျိုးက ဝယ်ယူသူအနေဖြင့် အဲဒီ Vibes ကို ကြိုက်နှစ်စေသလို ကော်ဖီ Brand ကိုလည်း စိတ်ဝင်စားစေမည်ဖြစ်သည်။

တစ်ခါက နာမည်ကြီးအားဖြည့်လင်ဇီးမှုံဆေး ကြော်ငြာပွဲတစ်ခု တက်ဖူးခဲ့သည်။ ထိုပွဲတွင် အတိုဆုံးနှင့် အထိရောက်ဆုံး ကြော်ငြာစာပြိုင်ခိုင်း ရာ Drink Now. ခုသောက်လိုက်ဆိုသော စကားက အတိုဆုံးနှင့် အထိရောက်ဆုံးဟု ဆိုသည်ကိုကြားဖူးသည်။ စားသုံးသူတိုင်းသည် ပြဿနာများ၊ အခက်အခဲများကြားတွင် ရှင်သန်ရုန်းကန်နေရသည်ဟု နားလည်ထားကြပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါ အခက်အခဲများကို မည်သို့ဖြေရှင်းမည်ကို ပြောပြခြင်းက ဖောက်သည်များအတွက် ပြေလည်ရေးနည်းလမ်းကိုပေးသည့်အတွက် အလေးအနက်ထား ဝယ်ယူတတ်သည်။ အခက်အခဲဖြေရှင်းရေးကို ပြသရာတွင် မိမိကုန်ပစ္စည်းသည် ဇာတ်လိုက်နေရာတွင်မဟုတ်ဘဲ ဖောက်သည်က ဇာတ်လိုက်နေရာတွင်ရှိနေရန်လိုအပ်သည်။

ဥပမာ- အာမခံကုမ္ပဏီတစ်ခုသည် ဇာတ်လမ်းတစ်ခုကိုရိုက်ပြရာတွင် ဖောက်သည်တစ်ဦးက နေမကောင်းဖြစ်နေသည်ကို သွား၍အားပေးသည့်မိတ်ဆွေက ကျန်းမာရေးအာမခံကိစ္စ ပြောပြခြင်းမျိုးဖြစ်သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှု ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့ တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## အစဉ်အမြဲရင်ထဲမှာ ပြည်မြန်မာ

- ဘယ်မြစ်တွေ့တွေ့ ပြန်အောက်မေ့စွ
  ဒုဋ္ဌဝတီ ဧရာဝတီနှင့်
  ရွှေလီကိုပဲ အထင်စွဲ၍
  ရင်ထဲလွမ်းတာ ပြည်မြန်မာ။

- ဘယ်တောမြင်မြင် စိတ်ဘဝင်ဝယ်
  ရှုမြင်သာမော စိမ့်စမ်းပေါသည့်
  တို့တောအလှ ရမ်းရော်တ၏
  စိမ်းမြသာယာ ပြည်မြန်မာ။

- ဘယ်တောင်မြင့်မြင့် တလွင့်လွင့်လည်း
  ထူးတင့်ဂုဏ်ဆောင် ပုပ္ပားတောင်ကို
  မြင်ယောင်မှန်းဆ လွမ်းဆွတ်ရသည်
  အလှဝေဆာ ပြည်မြန်မာ။

- မည်သည့်နေရာ ခမ်းနားစွာဖြင့်
  ထည်ဝါဝင့်ကြွား မြင်တွေ့ငြားလည်း
  ဘုရားစေတီ အလီလီဝယ်
  ရွှေစီခြယ်သွင်း တဝင်းဝင်းနှင့်
  ဂုဏ်ချင်းကွာတာ ပြည်မြန်မာ။

- သြော်...
  ဘယ်မှာရှိရှိ လွမ်းဆွတ်မိ၍
  သတိရလျှင် စိတ်ကမြင်ကာ
  ပြန်ချင်ကြမြဲ မမေ့ဘဲနှင့်
  ရင်ထဲရှိတာ ပြည်မြန်မာ။ ။

**မောင်နွေဦး(လယ်ဝေး)**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၇၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၇၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၂၁၁၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၄၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါဧက ၂၁၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးရာမှာ တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့အတွက် ဝါမျိုးစေ့တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံ ဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မုဒုံမြို့နယ် ဝဲကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မုဒုံ ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝဲကလိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၈ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

á စာမျက်နှာ ၄ မှအဆက်

အာမခံကုမ္ပဏီကောင်းကြောင်း ပြောခြင်းမျိုးမပါအောင် သတိပြုထားသည်မျိုးဖြစ်သည်။ တစ်နည်းပြောရလျှင် ကုန်ပစ္စည်း Brand က ကြော်ငြာဇာတ်လမ်းတွင် ဇာတ်လိုက်နေရာက နေရန်မဟုတ်သည်ကို သတိပြုရမည်။ ကုမ္ပဏီများ သတိပြုရမည်မှာ မိမိကုမ္ပဏီထုတ်ကုန်များ၊ မိမိ Brand များကောင်းကြောင်း ပြောခြင်းကို မှန်ရဲ့လားဟု သတိထားသည့်စိတ်က ဖောက်သည်ထံတွင် ကိန်းနေပြီးဖြစ်တတ်သည်။ ဈေးနှုန်းမဟုတ်သော တန်ဖိုးကိုဝယ်ယူသူကိုပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိ စမတ်ဖုန်းများ အောင်မြင်နေသည်မှာ ဖုန်း၏ကင်မရာ ကလည်း အရေးကြီးသည်။ ဖုန်းပြောသူများ၏ ယုံကြည်မှုနှင့် ကင်မရာကောင်းမွန်မှုများသည် ဖုန်းတန်ဖိုးများပင် ဖြစ်လာသည်။

အဓိကမှာ ကြာရှည်အသုံးခံခြင်းမျိုးနှင့် အမျိုးမျိုးသောအရည်အချင်းများသည် ဖုန်း၏တန်ဖိုးတစ်ခုဖြစ်လာပြီး Brand များကို ယုံကြည်သည်နှင့်အမျှ ရောင်းအားတက်လာမည်ဖြစ်သည်။

### ယုံကြည်မှုတည်ဆောက်ပါ

အဓိကအချက်မှာ ဝယ်သူများ၊ ဖောက်သည်များ၏ ယုံကြည်မှုပင်ဖြစ်သည်။ ယုံကြည်မှု အားကောင်းလျှင် ကောင်းသလောက် ဈေးကွက်ဖော်ဆောင်ရလွယ်မည်၊ ရောင်းအားကောင်းမည်ဖြစ်သည်။ ယှဉ်ပြိုင်မှုများပြားသောကုန်စည်များတွင် ရောင်းသူနှင့် Brand အပေါ် ယုံကြည်မှုသည် အလွန်အရေးကြီးသော အချက်ဖြစ်သည်။ ရောင်းပြီးလျှင်လည်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများသည်လည်း ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသောအချက်ဖြစ်သည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အားလုံးသည် ဖောက်သည်များ၏ ယုံကြည်မှုအပေါ်တွင် များစွာမူတည်သည်။ ရေရှည်တည်တံ့ခိုင်မြဲစေလိုသော လုပ်ငန်းတစ်ခုအတွက် ဖောက်သည်၏ ယုံကြည်မှုသည် မည်သည့်အရာနှင့်မျှမလဲနိုင်အောင် တန်ဖိုးရှိသော ဈေးကွက်ဖော်ဆောင်ရေးအချက်ကြီး ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Philip Kotler's Marketing စာအုပ်များ။

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့ တွေ့ဆုံဆွေးနွေး



**မော်စကို ဇွန် ၂၇**

ရုရှားသမ္မတပူတင်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုတို့သည် ဇွန် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲကို ရုရှားနိုင်ငံအနောက်ပိုင်းရှိ ရုရှားသမ္မတပူတင်၏ ဗယ်လ်ဒိုင်း အပန်းဖြေစခန်းအနီး၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗယ်လ်ဒိုင်း အပန်းဖြေစခန်း ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုတို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးတွဲစီမံကိန်းများ အကောင်အထည်ဖော်ရေး၊ ဒေသတွင်း လုံခြုံရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဗယ်လ်ဒိုင်း ဆွေးနွေးပွဲအပြီးတွင် ရုရှားသမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့အနေဖြင့် ပူးတွဲကြေညာချက်များ ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် သမ္မတလူကာရှန်ကိုတို့အနေဖြင့် ယူကရိန်းပဋိပက္ခကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ဖွယ်ရှိကြောင်း သိရသည်။

ရင်းနှီးသော မဟာမိတ်ခေါင်းဆောင်များ ဖြစ်ကြသည့် ရုရှားသမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့သည် ယူကရိန်းနှင့် ဘယ်လာရုစ်တို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် ကြိုတင်ကြေညာထားခြင်းမရှိဘဲ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တိုက်ခိုက်

**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန် တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်သည် ဇွန် ၂၆ ရက်တွင် အီရန်နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြား၌ ကုန်သေတ္တာတင် သင်္ဘောတစ်စီးကို မောင်းသူမဲ့ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် အပစ်အခတ်ရပ်စဲရေးကို အီရန်က ချိုးဖောက်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၂၅ ရက်တွင် အိုမန်ကမ်းရိုးတန်းကမ်းလွန်၌ စင်ကာပူမှတ်ပုံတင်အဲဗားလပ်ဗလီး ကုန်တင်သင်္ဘောတစ်စီးကို အီရန်နိုင်ငံက မောင်းသူမဲ့ဒရုန်းယာဉ်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်သေတ္တာတင်သင်္ဘောကို မောင်းသူမဲ့ဒရုန်းယာဉ် သုံး၍တိုက်ခိုက်ခဲ့ခြင်းဖြင့် အီရန်နိုင်ငံသည် ဇွန် ၁၇ ရက်က ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချိုးဖောက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံအတွင်းရှိ မောင်းသူမဲ့ဒရုန်းယာဉ်စခန်းများ၊ ဒုံးကျည်စခန်းများ၊ ရေဒါစခန်းများကို တစ်နာရီကြာ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ဇွန် ၁၇ ရက်တွင် အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ အပစ်အခတ်ရပ်စဲရေးကာလကို ရက် ၆၀ သက်တမ်းထပ်တိုးထားပြီး ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ဖွင့်ထားပေးရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ငြိမ်းချမ်းရေးသဘောတူညီချက်မူဘောင်တစ်ရပ် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့ လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇွန် ၂၇**

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သည် ငြိမ်းချမ်းရေးအတွက် ပထမဆုံးခြေလှမ်းအဖြစ် သဘောတူညီချက်မူဘောင်တစ်ရပ်ကို ဇွန် ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား လအတန်ကြာ စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ငြိမ်းချမ်းရေးမူဘောင် သဘောတူညီချက်ကို အစ္စရေးနှင့် လက်ဘနွန်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးမူဘောင် သဘောတူညီချက်ကို လက်ဘနွန်နှင့် အစ္စရေးသံအမတ်ကြီးတို့က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ လက်မှတ်ရေးထိုးခဲ့ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုလည်း အသိသက်သေအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးသဘောတူညီချက်မူဘောင်တွင် ဟစ်ဇ်ဘိုလာအုပ်စုကို လက်နက်ဖြုတ်သိမ်းရန်၊ အစ္စရေးတပ်များ ထိန်းချုပ်ထားသည့်နယ်မြေများကို လက်ဘနွန်နိုင်ငံက ပြန်လည်ရရှိရန်တို့ ပါဝင်ကြောင်း သိရသည်။

သို့ရာတွင် ငြိမ်းချမ်းရေးမူဘောင် သဘောတူညီချက်ကို ဆွေးနွေးရယူရာတွင် ဟစ်ဇ်ဘိုလာအုပ်စုကို ထည့်သွင်းမှုမရှိခဲ့ရာ ထိုတစ်ဖက်သတ် သဘောတူညီချက်ကြောင့် လက်ဘနွန်၌ ပြည်တွင်းပဋိပက္ခ ဖြစ်လာနိုင်ကြောင်း ဟစ်ဇ်ဘိုလာအုပ်စုက သတိပေးပြောကြားထားသည်။

အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စုက မတ် ၂ ရက်တွင် အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့ရာ အစ္စရေးတပ်မတော်ကလည်း လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကိုတိုက်ခိုက်၍ လက်ဘနွန်တောင်ပိုင်းနယ်မြေများကို ထိန်းချုပ်ထားပြီး စစ်ရေးကြားခံနယ်မြေအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




# ရုရှားနှင့် ယူကရိန်း အကျဉ်းသားချင်းဖလှယ်

**မော်စကို ဇွန် ၂၇**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဇွန် ၂၆ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန် ဖလှယ်မှုတစ်ရပ် ပြုလုပ်ခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန် ဖလှယ်မှုအတွင်း ယူကရိန်းအကျဉ်းသားဦးရေ ၁၆၀ နှင့် ရုရှားအကျဉ်းသားဦးရေ ၁၆၀ တို့ ပြန်လည်လွှတ်မြောက်လာကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၆ ရက် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုကို ရုရှားနှင့် ယူကရိန်းတို့က ယူအေအီးနိုင်ငံ၏ ကြားဝင်မှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုကို ယခုနှစ် မေလအတွင်းရယူခဲ့သည့် သုံးရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့်ရယူထားသော အဆိုပါ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပြဋ္ဌာန်းချက်များအရ အကျဉ်းသားဦးရေ ၁၀၀၀ စီ ပြန်လွှတ်ပေးရန် ရုရှားနှင့် ယူကရိန်းနှစ်ဖက်လုံးက သဘောတူထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် လေးနှစ်ကျော်ကြာ စစ်ရေးပဋိပက္ခကာလအတွင်း အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုများ ကြိမ်ဖန်များစွာ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**





# ပြင်သစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဘာကီနာဖာဆိုအစိုးရ ဖြတ်တောက်

**အူရာဂါဒူဂူ ဇွန် ၂၇**

အာဖရိကအနောက်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘာကီနာဖာဆိုနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဘာကီနာဖာဆိုနိုင်ငံ၏ လုံခြုံရေးမိတ်ဖက်နိုင်ငံဖြစ်ခဲ့သည့် ပြင်သစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်မှုကို ဘာကီနာဖာဆိုအစိုးရက ဇွန် ၂၆ ရက်တွင် တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ကိုလိုနီလက်သစ်ဝါဒရည်မှန်းချက်များကို ဖော်ဆောင်နေပြီး ဘာကီနာဖာဆိုအစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများနှင့် အကြမ်းဖက်သမားများကို ပံ့ပိုးကူညီနေကြောင်း ဘာကီနာဖာဆိုအစိုးရ ကြေညာချက်၌ ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသည် ယခင်က ဘာကီနာဖာဆိုနိုင်ငံကို ကိုလိုနီပြုခဲ့ပြီးနောက်ပိုင်းတွင် ဘာကီနာဖာဆိုနိုင်ငံ၏ အဓိကလုံခြုံရေး မိတ်ဖက်ဖြစ်လာခဲ့သည်။

သို့ရာတွင် ဘာကီနာဖာဆိုနိုင်ငံ၌ ၂၀၂၂ ခုနှစ် အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံနှင့် ဘာကီနာဖာဆိုအစိုးရအဖွဲ့တို့ကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။

ပြင်သစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ရန် ဘာကီနာဖာဆို အစိုးရက ဆုံးဖြတ်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရသည်ဟု ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို ဇွန် ၂၆ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် ဂြိုဟ်တု ၂၄ စင်းကို ဇွန် ၂၆ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၆ ရက် စတားလင့်ခ် မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၇၄ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ဖြစ်ကြောင်း၊ အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၇၄ ခုအနက် ၅၉ ခုမှာ စတားလင့်ခ် အင်တာနက်ဝန် ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဥက္ကာချိုင့်ဝှမ်းစတင်ပေါ်ထွက်လာသော အချိန်ကာလကို သိပ္ပံပညာရှင်များ တွက်ချက်ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်

**လန်ဒန် ဇွန် ၂၇**

ကမ္ဘာ့ သက်တမ်းအရင့်ဆုံး ဥက္ကာချိုင့်ဝှမ်း စတင်ပေါ်ထွက်လာသည့်အချိန်ကာလကို ဗြိတိန်သိပ္ပံပညာရှင်များက တွက်ချက်ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်ဟု ဇွန် ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။



ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် နေ့သ်ပိုးလ်ဒွန်း ဥက္ကာချိုင့်ဝှမ်းကို ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဥက္ကာချိုင့်ဝှမ်းအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသော်လည်း အဆိုပါ ဥက္ကာချိုင့်ဝှမ်း ပေါ်ထွက်လာသည့် အချိန်ကို မသိရသေးပေ။

သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၀၂ ဘီလီယံခန့်က ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်တစ်စင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် နေ့သ်ပိုးလ် ဥက္ကာချိုင့်ဝှမ်း ကျောက်သားနမူနာများကို တွင်းထွက်ဓာတ်နေ့စွဲသတ်မှတ်မှု နည်းပညာကိုအသုံးပြု၍ နေ့သ်ပိုးလ်ဒွန်း ဥက္ကာချိုင့်ဝှမ်း စတင်ဖြစ်ပေါ်ချိန်ကို တွက်ချက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နေ့သ်ပိုးလ်ဒွန်း ဥက္ကာချိုင့်ဝှမ်းသည် အနောက်ဩစတြေးလျပြည်နယ် ပီလ်ဘာရာဒေသ၌ တည်ရှိသည့် ဥက္ကာချိုင့်ဝှမ်းဖြစ်သည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် နေ့သ်ပိုးလ်ဒွန်း ဥက္ကာချိုင့်ဝှမ်းမှ ရရှိသည့် ဇာကွန်ခေါ် တွင်းထွက်ဓာတ်တစ်မျိုးကို လေ့လာပြီးနောက် နေ့သ်ပိုးလ်ဒွန်းဥက္ကာချိုင့်ဝှမ်း၏ သက်တမ်းကို တွက်ချက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အရွယ်အစားအားဖြင့် ကြီးမားသော်လည်း သိပ်သည်းဆနည်းပါးလွန်းသော ဂြိုဟ်နှစ်စင်းကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် ဇွန် ၂၇**

အရွယ်အစားအားဖြင့် ကြီးမားသော်လည်း သိပ်သည်းဆနည်းပါးလွန်းသည့် ဂြိုဟ်နှစ်စင်းကို ဗြိတိန်နက္ခတ္တရူပ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂၆ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဂြိုဟ်နှစ်စင်းသည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၁၀၀ အကွာတွင် တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-791 b နှင့် TOI-791 c ဟူ၍ အမည်ပေးထားသည့် အထက်ပါဂြိုဟ်နှစ်စင်းသည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ် အရွယ်အစားရှိသော်လည်း သိပ်သည်းဆမှာ အလွန်တရာနည်းပါးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက ကြာသပတေးဂြိုဟ်၏ သိပ်သည်းဆသည် TOI-791 c ဂြိုဟ်ထက် ၂၈ ဆပိုများပြီး TOI-791 b ဂြိုဟ်ထက် ၃၅ ဆ ပိုများသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အထက်ပါ ဂြိုဟ်နှစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တုအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

TOI-791 b နှင့် TOI-791 c ဂြိုဟ်တို့၏ သိပ်သည်းဆအရ ၎င်းဂြိုဟ်နှစ်စင်းကို အပေါ့ပါးဆုံးနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအဖြစ် သတ်မှတ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အနီရောင်အသားများ စားသုံးမှုကြောင့် အူလမ်းကြောင်းမူမမှန်မှုရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် ဇွန် ၂၇**

အနီရောင်အသား စားသုံးမှုကြောင့် အူလမ်းကြောင်း မူမမှန်မှုရောဂါ (IBD) ဖြစ်ပွားနိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇွန် ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

IBD ရောဂါများထဲတွင် Crohn's Disease ရောဂါနှင့်အူမကြီး အနာပေါက်ရောဂါ (Ulcerative Colitis) တို့အကျုံးဝင်ပြီး ရောဂါဖြစ်ပွားရခြင်း နောက်ခံအကြောင်းတရားကို မသိရသေးပေ။

သို့ရာတွင် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အာရုံနှင့်ဆဲလ်များ တုံ့ပြန်မှုလွန်ကဲခြင်း၊ ဖိအားဝင်ခြင်းနှင့် မျိုးဗီဇနောက်ခံ အကြောင်းတရားများမှာ IBD ရောဂါနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အနီရောင်အသားများ စားသုံးမှုကြောင့် IBD ရောဂါလက္ခဏာများ ပိုဆိုးလာနိုင်ကြောင်း သိရသည်။

သို့ရာတွင် တစ်ဖက်တွင်လည်း ပဲအမျိုးမျိုးမှရရှိသော ပရိုတင်းဓာတ်များကို စားသုံးပါက IBD ရောဂါလက္ခဏာများကို လျှော့ချနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အနီရောင်အသားများအစားအပင်ထွက် ပရိုတင်းများကို ပိုမိုစားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို ကာကွယ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တစ်နာရီထိုင်ပြီးတိုင်း ငါးမိနစ်လမ်းလျှောက်ပါက ကျန်းမာရေးဆိုးကျိုးများကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၂၇**

တစ်နာရီထိုင်ပြီးတိုင်း ငါးမိနစ်လမ်းလျှောက်ပါက ဘဝနေထိုင်မှုပုံစံ၏ နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများကို လျှော့ချနိုင်သည်ဟု ဇွန် ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်နာရီထိုင်ပြီးတိုင်း ငါးမိနစ်လမ်းလျှောက်ပေးပါက အထိုင်များသည့် ဘဝနေထိုင်မှုပုံစံ၏ ဆိုးကျိုးများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

တစ်ဦးချင်းဝင်ငွေ မြင့်မားသည့် နိုင်ငံများ၌ အရွယ်ရောက်သူတစ်ဦး၏ တစ်နေ့တာထိုင်ချိန်မှာ ပျမ်းမျှအားဖြင့် ၁၂ နာရီထိ ရှိတတ်ကြောင်း သိရသည်။

ထိုကဲ့သို့ အထိုင်များသည့် ဘဝနေထိုင်မှုပုံစံသည် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေသည့် ဘဝနေထိုင်မှုပုံစံဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အလုပ်ခွင်၌ ထိုင်ချိန် တစ်နာရီရှိတိုင်း ငါးမိနစ်လမ်းလျှောက်ပေးပါက အထိုင်များသည့် ဘဝနေထိုင်မှုပုံစံ၏ ကျန်းမာရေးဆိုးကျိုးများကို တားဆီးပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၉၃၀၀ တို့၏ဘဝနေထိုင်မှုပုံစံများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# Cambodia MASFIGHT ခွန်ခမာပြိုင်ပွဲတွင် မြန်မာဖိုက်တာ ချစ်ဝိုင်းဝိုင်းနှင့် ကမ္ဘောဒီးယားဖိုက်တာ နာရိုတို့ ထိုးသတ်မည်

ရန်ကုန် ဇွန် ၂၇

ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန် ၂၈ ရက်၌ ကျင်းပမည့် Cambodia MASFIGHT ခွန်ခမာပြိုင်ပွဲတွင် မြန်မာဖိုက်တာ ချစ်ဝိုင်းဝိုင်းနှင့် ကမ္ဘောဒီးယားဖိုက်တာ နာရိုတို့ ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

Cambodia MASFIGHT ခွန်ခမာပြိုင်ပွဲတွင် ချစ်ဝိုင်းဝိုင်းနှင့် နာရိုတို့သည် ကီလို ၆၀ တန်း တွဲဆိုင်းတွင် ထိုးသတ်သွားမည်ဖြစ်ပြီး သုံးမိနစ် သုံးချီပွဲစဉ်အဖြစ် ထိုးသတ်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ ဒုတိယတန်း ကစားသမားတစ်ဦး ဖြစ်သည့် ချစ်ဝိုင်းဝိုင်းသည် ပြည်တွင်းတွင်လည်း စူပါရေချမ်း၊ စိုင်းနောင်ဦး၊ ဘဟိန်း၊ မြလုံးချော၊ ကညော့ခွားအစရှိသည့် လက်ဝှေ့သမားများနှင့်လည်း ထိုးသတ်ဖူးသကဲ့သို့ ထိုင်းဖိုက်တာများနှင့်လည်း ထိုးသတ်ခဲ့ကာ အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပနေသည့် Cambodia MASFIGHT ခွန်ခမာပြိုင်ပွဲများတွင် ချစ်ဝိုင်းဝိုင်းအပြင် မြလုံးချော၊ ချစ်ရဲသွေးတို့လည်း ဝင်ရောက်ထိုးသတ်နေကြောင်း သိရသည်။

STA




# အေစီမီလန်အသင်းက ပီအက်စ်ဂျီအသင်းမှ ရာမို့စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူ

ရောမ ဇွန် ၂၇

အေစီမီလန်အသင်းက လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ရာမို့စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ခေါ်ယူခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီးနောက် အသင်းကို အပြောင်းအလဲများလုပ်ဆောင်နေပြီး အသင်းနည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်းအမိုရင်ကို ခန့်အပ်ခဲ့ကာ ထိပ်တန်းကစားသမားများကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ရာမို့စ်သည် ဘင်ဖီကာအသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသခဲ့သော်လည်း ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် လက်ရှိပီအက်စ်ဂျီအသင်းနည်းပြအင်နရစ် လက်အောက်တွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့်အတွက် လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အေစီမီလန်အသင်းကလည်း ပြီးခဲ့သည့်ရက်ပိုင်းကတည်းက ရာမို့စ်ကိုခေါ်ယူရန် ပီအက်ဂျီအသင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# "2026 China Sepaktakraw Open of Lancang-Mekong Cooperation" ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း ငွေတံဆိပ်ဆုများ ဆွတ်ခူး

ရန်ကုန် ဇွန် ၂၇

တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ဒေသ မန်စီမြို့တွင် ဇွန် ၂၄ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့သည့် "2026 China Sepaktakraw Open of Lancang– Mekong Cooperation" ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်းသည် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတို့တွင် ငွေတံဆိပ်ဆုများ ဆွတ်ခူးခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းလေးသင်း ပါဝင်သည့် အုပ်စုပတ်လည် ယှဉ်ပြိုင်ရသော အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းသည် လာအိုအသင်း၊ တရုတ်(A)အသင်း၊ တရုတ်(B)အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ပြိုင်ပွဲဝင်အသင်း လေးသင်းပါဝင်သည့် အမျိုးသမီး လေးယောက်တွဲ ပြိုင်ပွဲတွင်လည်း လာအိုအသင်း၊ တရုတ်(A)အသင်း၊ တရုတ်(B)အသင်းတို့နှင့် အုပ်စုပတ်လည်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးခဲ့သည်။

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူ ဦးငွေဝင်းအောင်၊ နည်းပြ ဦးအောင်မျိုးဆွေ၊ ကစားသမားများအဖြစ် ယမုံဇင်၊ ဖူးဖူး၊ နေခြည်နွေး၊ ယဉ်ယဉ်ငွေ၊ သီရိအောင်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်းသည် တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် "2026 China International Sepaktakraw Open" ပြိုင်ပွဲနှင့် "2026 China Sepaktakraw Open of Lan– cang– Mekong Cooperation" ပြိုင်ပွဲနှစ်ခုလုံးတွင် အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ကစားခွင့်ရခဲ့သည့် ကိတ်ဗာဒီအသင်း ၃၂ သင်း ရှုံးထွက်အဆင့်တက်ရောက်နိုင်သည့် မှတ်တမ်းကောင်းရရှိ

နယူးယောက် ဇွန် ၂၇

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သမိုင်းတွင် ယခုနှစ်မှသာ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်၍ ပါဝင်ကစားခွင့် ရရှိခဲ့သည့် ကိတ်ဗာဒီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်သည့်မှတ်တမ်းကောင်းကို ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကိတ်ဗာဒီအသင်းသည် ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (H)တွင် စပိန်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဥရုဂွေးအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သော်လည်း အုပ်စုအဖွင့်ပွဲစဉ်တွင် စပိန်အသင်းကို ဂိုးမရှိသရေ ရလဒ်၊ အုပ်စုဒုတိယပွဲစဉ်တွင် ဥရုဂွေးအသင်းကို နှစ်ဂိုးစီ သရေရလဒ်၊ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဆော်ဒီအာရေဗျအသင်းကို ဂိုးမရှိ သရေရလဒ်တို့ဖြင့် ကစားခဲ့ပြီးနောက် အုပ်စုပြီးဆုံးချိန်တွင် ရမှတ် သုံးမှတ်ဖြင့် အုပ်စုဒုတိယနေရာမှ ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတွင် တောင်အာဖရိကအသင်းတစ်သင်း ဖြစ်သည့် ဂါနာအသင်းသည် ၂၀၀၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၆ သင်းရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ပြီးနောက် ယခုအခါ ကိတ်ဗာဒီအသင်းကလည်း ပထမဆုံး ပါဝင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်သည့် ဒုတိယမြောက် တောင်အာဖရိကအသင်း ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မြန်မာနေရှင်နယ်လိဂ် ယူ- ၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရှမ်းယူနိုက်တက်အသင်း၊ ရောဝတီယူနိုက်တက် အသင်း၊ ISPE အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ- ၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်း၊ ရောဝတီယူနိုက်တက်အသင်း၊ ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ- ၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ပြည့်ဖြိုးအာကာညွန့်သိန်းက သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရောဝတီယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ရောဝတီယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၅၈ မိနစ်တွင် ဝိုင်းထက်ပိုင်နှင့် ပွဲချိန် မိနစ် ၆၀ တွင် ကောင်းခန့်ကျော်တို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက တောင်ဒဂုံ အားကစားကွင်းတွင် ISPE အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် မင်းကိုခန့်၊ ပွဲချိန် ၁၅ မိနစ်တွင် သက်ထူးစံ၊ ပွဲချိန် ၆၆ မိနစ်တွင် မန်းရဲလေးတို့ကသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ကြည်ခန့်ညာ၊ ပွဲချိန် ၅၉ မိနစ်တွင် လွမ်းယာဂျင်တို့က သွင်းယူခဲ့ကြကြောင်း သိရသည်။

STA

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ




ရန်ကုန် ဇွန် ၂၇

ဇွန် ၂၃ ရက်က ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီမှစတင်၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများအဖြစ် အသက် ၂၁ နှစ်အောက် သက်ငယ်တန်းပြိုင်ပွဲ၊ အသက် ၄၅ နှစ်နှင့်အထက် သက်ကြီးတန်းပြိုင်ပွဲ၊ ကီလိုတန်း ၆၀၊ ၇၀၊ ၈၀ နှင့် အထက်ပြိုင်ပွဲများ၊ Men's Athletic Physique(open)၊ Men's Sports Physique (open)၊ Women's Athletic Physique (open)၊ Women's Model Physique (open) ပြိုင်ပွဲများတွင် ကာယဗလ အားကစားသမားများက သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးကို အသီးသီးပြသ၍ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ STA

# ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပွဲချိန်ပထမပိုင်းတွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ပြင်သစ်အသင်းမှ ဒမ်ဘီလီ ရပ်တည်

ပဲရစ် ဇွန် ၂၇

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းက နော်ဝေအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့် ဒမ်ဘီလီသည် ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ပိုင်း ပွဲချိန်ပထမပိုင်းတွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒမ်ဘီလီသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး ပွဲချိန် ခုနစ်မိနစ်၊ မိနစ် ၂၀၊ ၃၂ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ရုရှားအသင်းက ကင်မရွန်းအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ရုရှားအသင်းက ဆာလန်ကိုက ပွဲချိန်ပထမပိုင်းတွင် ဟက်ထရစ်ဂိုး သွင်းယူခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲချိန်ပထမပိုင်းတွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားမရှိခဲ့ဘဲ ယခုအခါမှသာ ဒမ်ဘီလီက သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ဒမ်ဘီလီသည် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းမှ မက်ဆီပြီးလျှင် ဒုတိယမြောက် ဟက်ထရစ် သွင်းယူနိုင်ခဲ့သည့် ကစားသမား ဖြစ်လာသကဲ့သို့ ဟက်ထရစ်ဂိုးကို အမြန်ဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ်ပါ ရပ်တည်နေကြောင်း သိရသည်။

Ref : 365 Scores
Trs : STA



# ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်တွင် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် ကိတ်ဗာဒီအသင်းတို့ တွေ့ဆုံ

ဝါရှင်တန် ဇွန် ၂၇

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အများစု ပြီးဆုံးခဲ့ပြီးနောက် ၃၂ သင်း ရှုံးထွက်အဆင့်တွင် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် ကိတ်ဗာဒီအသင်းတို့တွေ့ဆုံခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့နံနက်ပိုင်းက ကစားခဲ့ကြသည့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(G)၌ အီဂျစ်အသင်းနှင့် အီရန်အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဘယ်လ်ဂျီယံအသင်းက နယူးဇီလန်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဘယ်လ်ဂျီယံအသင်းက အုပ်စုပထမ၊ အီဂျစ်အသင်းက အုပ်စုဒုတိယ ဖြင့် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်ခဲ့ကြသည်။

အလားတူ အုပ်စု(H)တွင်လည်း ကိတ်ဗာဒီအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး စပိန်အသင်းနှင့် ဥရုဂွေးအသင်းတို့ ပွဲစဉ်တွင် စပိန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် စပိန်အသင်းက အုပ်စုပထမ၊ ကိတ်ဗာဒီအသင်းက အုပ်စုဒုတိယ၊ အုပ်စု(I)တွင်လည်း ပြင်သစ်အသင်းက နော်ဝေအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီနီဂေါအသင်းက အီရတ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် ပြင်သစ်အသင်းက အုပ်စုပထမ၊ နော်ဝေအသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြသည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အများစု ပြီးဆုံးချိန်တွင် ၃၂ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များလည်း ထွက်ပေါ်လာခဲ့ပြီး အာဂျင်တီးနားအသင်းနှင့် ကိတ်ဗာဒီအသင်းတို့ပွဲစဉ်အပြင် ဘရာဇီးအသင်းနှင့် ဂျပန်အသင်း၊ နယ်သာလန်အသင်းနှင့် မော်ရိုကိုအသင်း၊ အိုင်ဗရီကို့စ်အသင်းနှင့် နော်ဝေအသင်း၊ ဂျာမနီအသင်းနှင့် ပါရာဂွေးအသင်း၊ အမေရိကန်အသင်းနှင့် ဘော့စနီးယားအသင်း၊ သြစတြေးလျအသင်းနှင့် အီဂျစ်အသင်း၊ ကနေဒါအသင်းနှင့် တောင်အာဖရိကအသင်း၊ ပြင်သစ်အသင်းနှင့် ဆွီဒင်အသင်းတို့ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# ပြင်းထန်သည့်ဒူးဒဏ်ရာကြောင့် မန်ယူအသင်းမှ အူဂါတေး ကာလရှည်အနားယူရမည်

မန်ချက်စတာ ဇွန် ၂၇

မန်ယူအသင်းနှင့် ဥရုဂွေးအသင်း ကွင်းလယ်ကစားသမား အူဂါတေးသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဥရုဂွေးအသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်တွင် ပြင်းထန်သည့်ဒူးဒဏ်ရာ ရရှိခဲ့ပြီးနောက် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရုဂွေးအသင်းက စပိန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အူဂါတေးသည် ပွဲချိန် ၄၅ မိနစ်တွင် ပြင်းထန်သည့် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ဥရုဂွေးအသင်းဆေးအဖွဲ့က ထမ်းစင်ဖြင့် ကွင်းပြင်ပသို့ သယ်ထုတ်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းက အူဂါတေးကို လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် စီစဉ်ထားသော်လည်း လက်ရှိတွင် ၎င်းအနေဖြင့် ကာလရှည် အနားယူရမည့်အခြေအနေကြောင့် ခေါ်ယူမည့်အသင်း မရှိနိုင်သည့်အတွက် မန်ယူအသင်းအနေဖြင့် လာမည့်နှစ် ဘောလုံးရာသီတွင် အူဂါတေးကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်သည်။

လက်ရှိတွင်အူဂါတေးအနေဖြင့် မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းကာ ဆေးစစ်မှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# Thai Fight League Special မွေထိုင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာ လှဝင်းနှင့် ထိုင်းဖိုက်တာ ဆန်ချိုင်းတို့ မကျေပွဲပြန်လည်ထိုးသတ်မည်

ရန်ကုန် ဇွန် ၂၇

ထိုင်းနိုင်ငံတွင် ဇွန် ၂၈ ရက် (ယနေ့)တွင်ကျင်းပမည့် Thai Fight League Special မွေထိုင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာ လှဝင်းနှင့် ထိုင်းဖိုက်တာ ဆန်ချိုင်းတို့ မကျေပွဲစဉ်အဖြစ် ပြန်လည်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

Thai Fight League Special မွေထိုင်းပြိုင်ပွဲတွင် လှဝင်းနှင့် ဆန်ချိုင်းတို့တွဲဆိုင်း အပါအဝင် စုစုပေါင်း တွဲဆိုင်းခုနစ်ဆိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ၎င်းတို့ တွဲဆိုင်းမှာ အဓိက တွဲဆိုင်းအဖြစ် ၆၉ ကီလိုတန်းတွင် ထိုးသတ်သွားမည်ဖြစ်သည်။




လှဝင်းနှင့် ဆန်ချိုင်းတို့သည် ၂၀၂၅ ခုနှစ် ဇူလိုင်က Thai Fight League Special မွေထိုင်းပြိုင်ပွဲတွင် ထိုးသတ်ခဲ့ဖူးပြီး အဆိုပါပွဲစဉ်တွင် ဆန်ချိုင်းက ဒုတိယအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ယခုအခါ မကျေပွဲစဉ်အဖြစ် ပြန်လည်ထိုးသတ်သွားမည်ဖြစ်သည်။

လှဝင်းနှင့်ထိုးသတ်မည့် ထိုင်းနာမည်ကြီးဖိုက်တာ ဆန်ချိုင်းသည် ၂၀၂၅ ခုနှစ်က လှဝင်းနှင့် ထိုးသတ်ခဲ့ပြီးနောက်ပိုင်း မွေထိုင်းပြိုင်ပွဲများတွင် လေးပွဲ ထိုးသတ်ခဲ့ရာ လေးပွဲလုံးအနိုင်ရရှိထားပြီး နောက်ဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့် မေ ၁၁ ရက် ဘရာဇီးဖိုက်တာ မားဆက်စ်နှင့်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိထားသူဖြစ်ကြောင်း သိရသည်။

STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေးနိုင်ငံက တိုက်ပွဲဝင်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် Tube-Launched ဒရုန်းဖျက်လက်နက်ကို တီထွင်ထုတ်လုပ်



အစ္စရေးနိုင်ငံက တိုက်ပွဲဝင်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် Tube-Launched ဒရုန်းဖျက်လက်နက်ကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း Defence News သတင်းဌာနက ဇွန် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးနိုင်ငံ Rafael နှင့် SpearUAV ကုမ္ပဏီတို့ ပူးပေါင်းတီထွင်ထားသည့် Tube-Launched ဒရုန်းဖျက်လက်နက်သည် VIPER I ကြားဖြတ်လက်နက်စနစ်ကို အခြေခံထားခြင်းဖြစ်သည်။ ၎င်းကို တိုက်ပွဲဝင်ယာဉ်များပေါ်မှ တိုက်ရိုက်ပစ်လွှတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသဖြင့် တပ်ဖွဲ့ဝင်များအနေဖြင့် အခြေခံယာဉ်ကို အကြီးစား ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်စရာမလိုဘဲ မိမိတို့၏လက်နက်စနစ်အတွင်း၌ပင် ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစွမ်းရည်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ၎င်း၏ Open Architecture ဒီဇိုင်းသည် အာရုံခံကိရိယာအမျိုးမျိုး၊ ထိပ်ဖူးများနှင့် ရည်မှန်းချက်တာဝန်အလိုက် အသုံးပြုနိုင်မည့်စနစ်အမျိုးမျိုးကို ပံ့ပိုးပေးနိုင်သဖြင့် လုပ်ဆောင်ရမည့် တာဝန်အမျိုးမျိုးအပေါ်မူတည်၍ ဒရုန်းဖျက်လက်နက်ကို လိုက်လျောညီထွေစွာ ပြင်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ကျစ်လျစ်ပေါ့ပါးသော ဒီဇိုင်းကြောင့် ဤဒရုန်းဖျက်လက်နက်ကို သံချပ်ကာ တိုက်ပွဲဝင်ယာဉ်များ၊ သံချပ်ကာလူသယ်ယာဉ်များနှင့် နည်းဗျူဟာမြောက်ယာဉ်များအပါအဝင် မြေပြင်ပလက်ဖောင်းအမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်သည်။

Rafael ကုမ္ပဏီ၏ ကုန်းကြောင်းနှင့် ရေကြောင်းစနစ်ဌာနခွဲ အမှုဆောင်ဒုတိယဥက္ကဋ္ဌ စီမာမိုက "မှန်ကန်တဲ့ နည်းပညာတွေကိုစုစည်းပြီး ပိုမိုထိရောက်တဲ့ ကာကွယ်ရေးစနစ်တစ်ခု ဖန်တီးနိုင်တာဟာ Rafael ရဲ့ အားသာချက်ပါ။ Tube- Launched ဒရုန်းဖျက်လက်နက်ဟာ လက်ရှိကာကွယ်ရေးစနစ်တွေကို ပိုမိုခိုင်မာစေတဲ့ ဆန်းသစ်တီထွင်မှုတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ရဲ့ ဖောက်သည်တွေ အရေးတကြီး လိုအပ်နေတဲ့ကြားဖြတ် တိုက်ခိုက်ရေးစွမ်းရည်ကို ဖြည့်ဆည်းပေးလိုက်တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Tube- Launched ဒရုန်းဖျက်လက်နက်သည် သမားရိုးကျကြားဖြတ်တိုက်ခိုက်ရေးလက်နက်များကဲ့သို့ ပြင်ပမှပစ်လွှတ်သည့် အခြေခံအဆောက်အအုံများကို မှီခိုနေစရာမလိုဘဲ တပ်ဆင်ရ လွယ်ကူသော Multi-Canister Launcher အသေးစားမှတစ်ဆင့် ပစ်လွှတ်ရန် ဒီဇိုင်းထုတ်ထားသည်။ ပစ်ခတ်မှုဖြစ်စဉ်တွင် ရေဒါအခြေပြု ပစ်မှတ်ခြေရာခံခြင်းဖြင့် စတင်ကာ လက်နက်ကို ပစ်မှတ်ဆီသို့ လမ်းညွှန်ပေးခြင်းမျိုးဖြစ်သည်။ ပျံသန်းနေစဉ်ကာလအတွင်း ဒေတာချိတ်ဆက်မှုမှတစ်ဆင့် လမ်းကြောင်းပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီပေးပို့ပြီး ပစ်မှတ်အနီးသို့ ရောက်ရှိသည့် နောက်ဆုံးအဆင့်တွင် လက်နက်၌ပါဝင်သော အာရုံခံစနစ်နှင့် စက်အမြင် အယ်လ်ဂိုရီသမ်တို့က တာဝန်ယူကာ ပစ်မှတ်ကိုအတည်ပြုခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

Tube- Launched ဒရုန်းဖျက်လက်နက်၏ အခြေခံပလက်ဖောင်းဖြစ်သည့် VIPER I ကြားဖြတ်လက်နက်စနစ်ကို တိုက်ခိုက်ရေးဒရုန်းများနှင့် ပတ်ဝန်းကျင်၌ ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းများ အပါအဝင် အပေါ်စီးမှ တိုက်ခိုက်မှုများကို ကာကွယ်ရန် တီထွင်ထားခြင်းဖြစ်သည်။ ဤစနစ်သည် ပြောင်းလွယ်ပြင်လွယ်ရှိသော ဖွဲ့စည်းတည်ဆောက်မှုပုံစံနှင့် AI စွမ်းဆောင်ရည်များ ပေါင်းစပ်ထားသဖြင့် ပြင်ပမှ အာရုံခံကိရိယာများနှင့် ထိပ်ဖူးများကို ချိတ်ဆက်အသုံးပြုနိုင်ရုံသာမက လျင်မြန်စွာရွေ့လျားနေသည့် ဝေဟင်ပစ်မှတ်များကိုလည်း အမိအရ ထောက်လှမ်းခြေရာခံနိုင်စွမ်းရှိကြောင်း သိရသည်။

**Israel's New Tube-Launched Drone Hunter Rides Into Battle on Combat Vehicles ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားက Skyranger 35 နှင့် Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်များကို Rheinmetall ကုမ္ပဏီထံမှ မှာယူ

ရိုမေးနီးယားနိုင်ငံသည် Rheinmetall ကုမ္ပဏီထံမှ Skyranger 35 လေကြောင်းရန်ကာကွယ်ရေးစနစ် ၂၄ စုံနှင့် Skynex လေကြောင်းရန်ကာကွယ်ရေးစနစ် ခုနစ်စုံကိုမှာယူကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Skyranger 35 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်နေသော လှုပ်ရှားတပ်ဖွဲ့များကို ကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည့် ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး Skynex လေကြောင်းရန် ကာကွယ်ရေးစနစ်မှာ အခြေစိုက်စခန်းများနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန် ပြောင်းလွယ်ပြင်လွယ် အမျိုးအစား မြေပြင်အခြေစိုက် ကွန်ရက်စနစ်ဖြစ်သည်။

အဆိုပါဝယ်ယူမှုသည် Lynx KF41 တိုက်ပွဲဝင်ယာဉ်များ၊ ခဲယမ်းများနှင့် ရေတပ်သုံးသင်္ဘောများပါဝင်သော အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ရိုမေးနီးယား ကာကွယ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရိုမေးနီးယားသည် Skyranger 35စနစ်များကို Lynx KF41 တိုက်ပွဲဝင်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး ထိုရင်းနှီးမြှုပ်နှံမှုများတစ်ဆင့် မြေပြင်တပ်ဖွဲ့များ၏ ရွေ့လျားစစ်ဆင်နိုင်စွမ်း၊ ဒရုန်းတန်ပြန် ကာကွယ်ရေးစွမ်းရည်နှင့် ပင်လယ်နက်ဒေသအတွင်း စစ်ရေးဟန်ချက်ကိုသိသာထင်ရှားစွာ မြှင့်တင်လျက်ရှိသည်။

Rheinmetall ကုမ္ပဏီ၏ လေကြောင်းရန် ကာကွယ်ရေးဌာနခွဲအကြီးအကဲ အိုလီဗာဒါက "Lynx KF41 တိုက်ပွဲဝင်ယာဉ်ပေါ်မှာ Skyranger 35 စနစ်ကို တပ်ဆင်လိုက်တာဟာ ဥရောပ လေကြောင်းရန် ကာကွယ်ရေးအတွက် အရေးပါတဲ့ မှတ်တိုင်တစ်ခုပါပဲ။ လက်ရှိဖြစ်ပွားနေတဲ့ ဒရုန်းတိုက်ခိုက်မှု ဖြစ်စဉ်တွေက ဝေဟင်ခြိမ်းခြောက်မှုတွေဟာ ဘယ်လောက်မြန်မြန်ဆန်ဆန်နဲ့ လက်တွေ့ဖြစ်လာနိုင်တယ်ဆိုတာ ပြသနေပါတယ်။ Skyranger 35 လေကြောင်းရန် ကာကွယ်ရေးစနစ်ဟာ စစ်သည်တွေကို ကာကွယ်ပေးနိုင်ရုံတင်မကဘဲ အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကိုလည်း ခေတ်သစ် ခြိမ်းခြောက်မှုတွေကနေ ကာကွယ်ပေးနိုင်မဲ့ ထိရောက်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ဖြေရှင်းချက်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



Skyranger 35 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေပေါ်ပျံဝဲတိုက်ခိုက်ရေးလက်နက်များ၊ ဒရုန်းအုပ်စုများနှင့် သမားရိုးကျ ဝေဟင်ခြိမ်းခြောက်မှုများမှ လှုပ်ရှားတပ်ဖွဲ့များကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး Oerlikon 35mm အမြောက်၊ ရေဒါနှင့် အီလက်ထရွန်နစ် အမြင်အာရုံစနစ်များကို ပေါင်းစပ်ထားသည်။ ၎င်းသည် တပ်ရင်း၊ တပ်ဖွဲ့များ လှုပ်ရှားထွက်နေစဉ်အတွင်း ပစ်မှတ်များကို အလိုအလျောက် ထောက်လှမ်းခြေရာခံနှင့် တိုက်ခိုက်နိုင်ပြီး ထိရောက်သောပစ်ခတ်မှု အကွာအဝေးမှာ မီတာ ၄၀၀၀ ထိရှိသည်။ အထူးသဖြင့် ယူကရိန်းတွင် တွေ့မြင်နေရသည့် Shahed အမျိုးအစား ဒရုန်းများကဲ့သို့ ကုန်ကျစရိတ်နည်းသော လေပေါ်ပျံဝဲတိုက်ခိုက်ရေးလက်နက်များကို လေကွဲခဲယမ်းများဖြင့် အလွန်ထိရောက်စွာ ချေမှုန်းနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**Romania Orders Rheinmetall Skyranger 35 and Skynex Air-Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



ရန်ကုန် ဇွန် ၂၇

ACL Film Production နှင့် Wezaya Film Production တို့ ပူးပေါင်း စီစဉ်ထုတ်လုပ်သည့် ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ချမ်းလူက ရေးသားထားပြီး ဒါရိုက်တာ အောင်ချမ်းလူက ACL Film Production နှင့် Wezaya Film Production အတွက် တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ကိုယ့်အတ္တနှင့်ကိုယ် ဇာတ်ကားက ကျွန်တော်တို့အားလုံး အတွက် မတူညီတဲ့ကားလေး တစ်ကားဖြစ်ပါတယ်။ မတူညီတဲ့ ကာရိုက်တာလေးတွေ ဖြစ်တဲ့ အတွက် လိုအပ်ချက်တွေကတော့ ရှိမှာပါပဲ။ ကိုယ်တိုင်မလုပ်ဖူးသေးတဲ့ကာရိုက်တာဖြစ်လို့ လက်ခံခဲ့တာလဲပါပါတယ်။ လိုအပ်ချက်တွေရှိခဲ့ရင်လဲ ထောက်ပြပေးပါ။ ကျွန်တော်တို့ နောက်ရိုက်မဲ့ ဇာတ်ကားတွေအတွက် သုံးသပ်ချက်တွေနားထောင်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားပါမယ်။ ဒီဇာတ်ကားမှာလဲ ကျွန်တော်တို့ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားကြပါတယ်။ သရုပ်ဆောင် တစ်ယောက်ချင်းစီက ကာရိုက်တာတွေ အကုန်ကြိုက်ပါတယ်"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ အေးချမ်းမောင်၊ ညီနန္ဒ၊ ဇင်မျိုး၊ ခင်ဝင့်ဝါ၊ တင်ဇာဝင်းပြည့်၊ ခင်မို့မို့အေး၊ သာသာ၊ မြတ်အမရာ၊ ယွန်းဝတီလှိုင်၊ ကလေးသရုပ်ဆောင် ဟိဏ်းသီရိစံနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Summoner ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ကီဗင်ဘေကွန် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၂၇

Amazon MGM ရုပ်ရှင်ကုမ္ပဏီ၏ Summoner အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ကီဗင်ဘေကွန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၆ ရက် သတင်းများအရ သိရသည်။

Summoner ဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ ဂျရယ်မီဆလိတ်တာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဂျရယ်မီဆလိတ်တာသည် Mortal Kombat II ဇာတ်ကားနှင့် Umbrella Academy ဇာတ်ကားများအတွက် ဇာတ်ညွှန်းများ ရေးခဲ့သူဖြစ်သည်။

Summoner ဇာတ်ကားသည် ဂျရယ်မီဆလိတ်တာက ဒါရိုက်တာအဖြစ် ရိုက်ကူးမည့် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Summoner ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဂျရယ်မီဆလိတ်တာကပင် တာဝန်ယူ ရေးသားမည်ဖြစ်ကြောင်း သိရသည်။

Summoner ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရိုက်ကူးမည်ဖြစ်ပြီး ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဆီမီးထိန်ထိန်လင်းပါတဲ့ မနှင်းတို့အိမ် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

ရန်ကုန် ဇွန် ၂၇

MEGA STAR Film Production ကစီစဉ်ထုတ်လုပ်သည့် ဆီမီးထိန်ထိန်လင်းပါတဲ့မနှင်းတို့အိမ် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင်ပါဝင်ထားသူ သရုပ်ဆောင် မင်းဘုန်းမြတ်ထံမှ သိရသည်။

ဆီမီးထိန်ထိန်လင်းပါတဲ့ မနှင်းတို့အိမ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဟင်နရီစောထွန်းက ရေးသားကာ ဒါရိုက်တာ အောင်ချမ်းလူနှင့် တွဲဖက်ဒါရိုက်တာ စိုပြေတို့က MEGA STAR Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာတော့ ၂၀၀၀ ပြည့်နှစ်လောက်ကိုလဲ ပြန်လည်




မြင်တွေ့ကြရမှာဖြစ်သလို မြန်မာတို့ရဲ့ ယဉ်ကျေးမှု၊ ရိုးရာအမွေအနှစ်တစ်ခုဖြစ်တဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကိုလဲ တခမ်းတနားမြင်တွေ့ရမဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ထူးဆန်းတဲ့ဇာတ်လမ်း၊ ဇာတ်အိမ်ကောင်းကောင်းကို ရသစုံစွာ ခံစားကြည့်ရှုရမဲ့ ဒါရိုက်တာအောင်ချမ်းလူရဲ့လက်ရာ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မင်းဘုန်းမြတ်၊ အောင်လေး၊ ဧည့်သည်သရုပ်ဆောင်- ဟင်နရီ၊ မင်းဟိဏ်း၊ မင်းသူ၊ ရတနာဗို၊ မေလန်း၊ အေးသန္တာဗို၊ သုန္ဒြေဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Girlfriend ဒရာမာဇာတ်ကား၌ မင်းသမီး မီဂန်းဖာဟိုင်း ပါဝင်မည်ဖြစ်

နယူးယောက် ဇွန် ၂၇

The Girlfriend အမည်ရှိ ဒရာမာဇာတ်ကားသစ်၌ မင်းသမီး မီဂန်းဖာဟိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၆ ရက် သတင်းများအရ သိရသည်။

The Girlfriend ဇာတ်ကားတွင် မင်းသမီး မီဂန်းဖာဟိုင်းသည်မင်းသား ဂလန်းဟိုဝါတန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် နယူးယောက်မြို့မှ အလာဘားမားပြည်နယ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည့် ဇနီးမောင်နှံနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Girlfriend ဇာတ်ကားကို ဒါရိုက်တာ နာတာလီမိုရေးလက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုလကုန်ပိုင်းတွင် စတင်ရန်စီစဉ်ထားကြောင်း သိရသည်။

The Girlfriend ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဂလန်းဟိုဝါတန်နှင့် ဇာတ်ညွှန်းရေးဆရာ ရစ်အက်ပဲတို့က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တံလျှပ်များ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို ကမာရွတ်မြို့နယ် Junction City၊ JCGV Cinema ၌ ပြုလုပ်

ရန်ကုန် ဇွန် ၂၇

MRTV-4 ရုပ်သံလိုင်းက ဇွန် ၃၀ ရက်မှစတင်ကာ ထုတ်လွှင့်ပြသပေးမည့် တံလျှပ်များ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Junction City၊ JCGV Cinema ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် သာထက်ဉာဏ်ဇော်က ပြောပြ၍ သိရသည်။

တံလျှပ်များ ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို စာရေးဆရာ ဟာမ်စိုင်း(ဆေး-မန်း)က ရေးသားထားပြီး သက်ဇွန်၊ ခိုင်ဇွန်ဝင့်၊ စန်းယုအောင်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကျော်စိုးသူက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီနှစ်မှာ ပထမဆုံး ဇာတ်လမ်းတွဲတစ်ခုမို့ ပရိသတ်တွေ စောင့်မျှော်ရကျိုးနပ်မဲ့ဇာတ်ကားပါ။ အဓိကက ကိုယ်က ငယ်ငယ်လေးကတည်းက ပရလောကနဲ့ပတ်သက်ပြီး အကုန်မြင်ရတဲ့သူတစ်ယောက်ပေါ့။ အဲဒီကာရိုက်တာမှာ ဆရာဝန်တစ်ယောက်ဖြစ်သွားတယ်။ လူနာတွေ၊ ဆေးရုံတွေနဲ့ ဆက်နွှယ်တဲ့ဇာတ်လမ်းလေးပါ။ သေချာပြင်ဆင်မှုတွေ အများကြီးလုပ်ထားတဲ့ကားလေးပါ"ဟု သရုပ်ဆောင် သာထက်ဉာဏ်ဇော်က ပြောပြသည်။

တံလျှပ်များ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် သာထက်ဉာဏ်ဇော်၊ ဝေယံကျော်၊ ကျော်မိုးပိုင်၊ အလင်းသစ်၊ ဝေလျှံအောင်၊ အောင်ခိုင်၊ မင်းသူ၊ ဘုန်းလျှံ၊ ဒေါင်းဝေ၊ ဝိုင်းရွှေရည်၊ ဆုပန်ထွာ၊ သံစဉ်ဆည်းဆာ၊ မိုရီဝိုင်း၊ ဆုလာဘ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# World MSME Day commemorative ceremony held; President of the Republic of Union of Myanmar U Min Aung Hlaing delivers address





President U Min Aung Hlaing addresses the World MSME Day commemorative ceremony.

**Nay Pyi Taw June 27**

The World MSME Day commemorative ceremony of the MSME Development Work Committee took place at MICC-1 in Nay Pyi Taw this morning, addressed by President of the Republic of Union of Myanmar U Min Aung Hlaing.

Also present together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union level dignitaries, union ministers, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from Office of Commander-in-Chief, deputy ministers, Hluttaw representatives, chairs of regional agencies, associations, MSME entrepreneurs, and officials of the ministries.

The President formally opened the ceremony by using digital technology.

Artistes of the Ministry of Hotels and Tourism and Culture sang the song honouring the ceremony.

In his address, the President highlighted the national slogan, "Let us encourage production for prosperity of the Nation," noting that MSMEs based on regional agricultural and livestock products are the principal driving force of national economic growth. Apart from reinforcing regional economic circulation, they are the main generators of job opportunities in developing countries. MSMEs directly support the socioeconomic progress of the people.

Furthermore, MSMEs play a central role in achieving the UN Sustainable Development Goals. The United Nations General Assembly officially designated June 27 as Micro, Small, and Medium-sized Enterprises (MSME) Day on 6 April 2017 to raise awareness of the massive contributions these businesses make to the global economy and sustainable development.

Since the MSME sector encompasses production, trade, and services, the nation can raise its GDP by supporting and promoting these enterprises, which further fuel the national economic drive.

The current administration established the Ministry of Industry and MSME Development to achieve solid success in implementing economic objectives, providing accelerated momentum to support the MSME sector as the backbone of the country. Ultimately, the State portrays its vision, enthusiasm, determination, and objectives for the systematic development of the MSME sector to uplift the socioeconomic progress of all people across the country.

He stated that according to data from the World Bank and the United Nations, it is learned that about 90 percent of businesses in the world today are MSMEs, accounting for 60 to 70 percent in terms of job creation and about 50 percent of GDP, and in our country as well, it is found that about 90 percent of businesses are MSME businesses and stand at about 70 percent in terms of being able to create jobs, and therefore, he wants to urge everyone to participate and carry out operations together, viewing the development of the MSME sector as a national duty that must indispensably be done for the promotion of the state economy.



President U Min Aung Hlaing presents honorary medal for an MSME that won outstanding award (grade-1).

*See Page 13*



President U Min Aung Hlaing observes local products displayed at the World MSME Day commemorative exhibition.



President U Min Aung Hlaing observes local products displayed at the World MSME Day commemorative exhibition.

*From Page 12*

He also stated that what he wants to place emphasis on urging here is that to ensure smooth operations in the production sector and the sustainable development of the MSME sector, efforts must be made to enhance the four main interconnected pillars, namely raw materials, inputs, capital, and human resources.

Then, he stated that Myanmar is a developing country and also faces many challenges in operating MSME businesses, and to be able to overcome those challenges, the state and the private sector must cooperate and carry out operations, and as individuals, private entrepreneurs may face difficulties in operating on their own, and to be able to overcome those difficulties, operations can be successfully carried out through a collective operation system and by operating in a cooperative format among like-minded individuals.

In terms of raw materials, he stated that since our country is an agriculture-based country, agricultural and livestock products that are easily available domestically must be fully utilized, and instead of relying on foreign raw materials, domestic crops, forest products, and livestock products must be created as value-added products, and regarding inputs such as fuel, electricity, fertilizer, and manufacturing machinery parts, it is necessary to innovate and carry out operations through appropriate methods, and especially, to reduce manufacturing costs as much as possible and to further improve productivity, relevant ministries must also place special emphasis on carrying out operations to be able to supply the electricity and energy sectors.

Since our country is a country operating based on agriculture and livestock breeding businesses, it is required to mainly encourage and carry out manufacturing that utilizes naturally available resources and agriculture and livestock breeding-based local raw materials that are easily available domestically for domestic MSME businesses, and efforts must be made to transform and produce ordinary, conventional agricultural and livestock products from the stage of selling them in their original raw material state into value-added products using modern technologies.

He then stated that looking at imported food products and consumer goods, it is found that the majority of them are based on agricultural and livestock raw materials that are also produced in our country, and if raw materials that are already available in our hands can be fully utilized and produced with qualified quality, not only can the reliance on importing finished goods from abroad be reduced, but import substitution can also be practically implemented.

He also stated that their vision is to be able to establish an Agro-based Industry, and it is not easy to progress through agriculture and livestock breeding alone, and therefore, industrial businesses must be promoted with MSMEs from agriculture, livestock breeding, and forestry manufacturing already available in the country, and for example, manufacturing paper, pulp, textiles, and utensils based on bamboo, and manufacturing all consumer goods based on rubber are only some of the Agro-based Industries.

Like MSMEs around the world, local MSMEs continue to face numerous challenges, including limited access to finance, technological gaps, restricted market access, shortages of skilled labour, weak supply chains, and the impact of the global economic slowdown. These challenges must be transformed into opportunities so that local MSMEs can strengthen their competitiveness and secure a place in the global market. To achieve this, local governments, financial institutions, and business networks need to foster a supportive business environment by ensuring access to raw materials, expanding financing opportunities, and providing digital technology training. We fully recognize the resilience of MSMEs—from innovators and agricultural producers to service providers—which continue to persevere, create employment opportunities, and contribute to economic development despite these challenges.

Building an independent, self-reliant, and resilient national economy requires strengthening the country's production capacity while promoting import substitution and expanding the production of high-quality, export-oriented goods. We recognize that each region of the country has distinct climatic conditions, soil characteristics, and natural resources, giving every area its own comparative advantages. Therefore, to effectively promote the development of MSMEs nationwide, concerted efforts must be made to successfully implement the "One Region, One Product (OROP)" initiative.

This year's World MSME Day is being celebrated over two days, with special programs introduced to promote the adoption of digital technologies and help MSME entrepreneurs keep pace with the rapidly evolving digital landscape. MSME entrepreneurs are encouraged to make wider use of digital payment systems to improve financial transactions across the manufacturing and service sectors, while also leveraging digital trading and e-commerce platforms to expand their products from domestic markets to international markets and explore new business opportunities. In this regard, MSME development officials are urged to strengthen business networks by providing technological support, particularly to young model entrepreneurs, so they can fully understand, adopt, and effectively apply digital technologies in their businesses.

To achieve balanced development across the national economy, MSMEs operating independently but engaged in similar businesses must work together in a coordinated and integrated manner to ensure sustained progress and success. A strong supply chain mechanism should be established to connect and support MSMEs across different sectors. Priority should be given to linking MSMEs with large-scale industries to create a robust production network. Rather than relying on imported machinery components, semi-finished materials, and packaging supplies for large factories, greater use should be made of high-quality products manufactured by local MSMEs, while strengthening domestic value-added production. Such an approach will foster stronger linkages and sustained cooperation among local enterprises, contributing to a more resilient and self-reliant industrial ecosystem.

MSME entrepreneurs should continue to exchange experiences and share production technologies, expertise, and market information. To modernize the country's MSMEs and enhance their competitiveness, strong partnerships between the government and the private sector must be fostered. At the same time, efforts should be made to build global partnerships that enable local MSMEs to expand exports and strengthen their presence in international markets. The government will also develop digital platforms that facilitate the continuous sharing of financial resources, technical expertise, and knowledge to support the success of an inclusive economic system. In this regard, relevant ministries and regional and state governments are urged to systematically coordinate collaboration between large enterprises and MSMEs to strengthen industrial linkages and promote the effective development of regional manufacturing sectors.

Micro, small and medium enterprises (MSMEs) are a major backbone of the economy of the country. Sustainability and development of the sector will not only strengthen the economy of the country but also directly boost the socioeconomic life and incomes of the people. I would like to thank all MSME entrepreneurs and startup founders in the entire country on behalf of the State. Innovation, efforts and resilience of the enterprises not only change and develop towns and villages but also drive the entire economy of the State forward. I would like to reiterate that the government will continue to help as much as possible for all-round development and competitiveness in penetrating the global market of domestic MSMEs.

Our country is abundant in natural resources and rich in human resources. By accelerating the momentum of MSMEs in the form of private businesses and cooperative societies, job opportunities can be greatly created and many benefits including rising per capita incomes, possibilities of working under the cool shade and shelter of the motherland, development of socioeconomic lives of families and poverty reduction. If technology and investment can be provided proportionately, our goal can surely be achieved. Therefore, it is only necessary for all to make concerted cooperation and to work hard. Such cooperation will be mutually beneficial not only for each other but also for the State and ensure the win-win-win situation. I would like to urge all our future new generation youth businessmen and entrepreneurs to make concerted efforts for the development of the domestic economy and enhance qualities not only for domestic sufficiency but also for meeting global standards by firmly grasping the opportunities offered by modern technologies and innovation as well as the government in accordance with the theme of this year's World Micro, Small and Medium-sized Enterprises Day.

Then, the President presented honorary medals to MSMEs that won outstanding awards (grade-1) including Healthy & Happy Foodstuffs (Small) Enterprise from Mandalay Region, Thalawadi Company Limited Foodstuffs (Medium) Enterprise from Yangon Region and Khine Myittar Hospital Healthcare Services (Medium) Enterprise from Shan State.

Afterward, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye each presented honorary medals to three outstanding awards (grade-2) winning MSMEs. Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe and Commander-in-Chief of Defence Services General Ye Win Oo each presented honorary medals to three outstanding awards (grade-3) winning MSMEs.

Then, those who attended the ceremony watched a documentary video of MSME development.

Afterward, President U Min Aung Hlaing accepted a commemorative gift for World MSMEs Day presented at his seat by Union Minister for Industry and MSMEs Development Dr Charlie Than.

Then, the President posed for documentary photographs with attendees.

After the ceremony, the President and attendees attentively observed local products, textile and consumer products, Myanmar traditional handicraft, farming implements, fertilizer and seeds and other products manufactured by local MSMEs and displayed at 149 World MSMEs Day commemorative exhibition booths by the central and work committees, central committee member ministries, regions and states, MSMEs and organizations. The President, after hearing the reports of officials, gave necessary instructions to them.

MNA

# Another illegal 7-storey residential building used for online scam and gambling operations demolished in Shwe Kokko; 65 illegal buildings destroyed to date

**Before demolition.**





**Before the demolition of an illegal 7-story residential building used for online gambling fraud operations in the Shwe Kokko area, Myawaddy District, Kayin State.**

**After demolition.**





**After the controlled explosion and demolition of the illegal 7-story residential building used for online gambling fraud operations in the Shwe Kokko area, Myawaddy District, Kayin State.**





**Preparations underway to demolish an illegal 7-story residential building with explosives, which was used for online gambling fraud operations in the Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw June 27**

Joint departmental teams have been completely demolishing illegal buildings and systematically destroying equipment used for operations in the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, which served as bases for online scam and gambling activities. It is reported that another illegal seven-storey residential building within the Shwe Kokko area was systematically demolished using explosives today.

Out of 77 buildings in the Shwe Kokko area used to commit online scamming and gambling offences, plans were categorised by building type: 57 buildings to be demolished using heavy machinery and 20 buildings to be destroyed via controlled explosions. Demolition work has been carried out systematically, and today, one seven-storey residential building from the 20 structures earmarked for explosive demolition was successfully blown up.

To date, the joint departmental teams have systematically demolished a total of 65 illegal buildings used in these online scam and gambling operations. Reports state that the remaining 12 illegal buildings will continue to be systematically destroyed. 100

# Plan underway to grow more than 34,000 acres of rainfed paddy in Kyunhla Township

**Kyunhla June 27**

According to the statistics of Kyunhla Township Agriculture Department in Sagaing Region, local farmers will grow more than 34,000 acres of rainfed paddy in the township during this monsoon.

During the 2026-2027 monsoon cropping season, Kyunhla Township has targeted the cultivation of 34,101 acres of rainfed paddy. Planting will be carried out from July through September this year, according to reports.

"We have set a target of cultivating more than 34,000 acres of monsoon paddy in Kyunhla Township during this year's monsoon cropping season. Efforts will be made to ensure that the target acreage is fully achieved. Necessary technologies and seed varieties required for paddy cultivation will be provided. Field-level assistance will also be carried out to help farmers plant their monsoon paddy on time," said Daw Myint Myint Yi, Head of the Township Department of Agriculture in Kyunhla.

It is reported that the relevant township Department of Agriculture and local farmers will work together to ensure that monsoon paddy cultivation can be carried out systematically and without difficulties during this year's cropping season.

In Kyunhla Township, monsoon paddy farmers will be provided with agricultural technical assistance, awareness training on pest prevention and control, guidance to minimize crop losses, and information to ensure that harvested paddy is transported under shelter in a timely manner.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kyunhla Township, staff from the Township Department of Agriculture will conduct field visits and provide technical guidance on selecting and planting high-quality, pure seed varieties, monitoring and preventing pest infestations, proper land preparation and weeding, rogueing off-type plants, and the systematic application of fertilizers. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၅၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၅၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၁၂ ဧကနှင့် ဖူးစားပြောင်း ၇၈၄ ဧက စုစုပေါင်း ၁၅၉၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေနဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးတာတွေကို ဆောင်ရွက် ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ဇွန်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ရောင်းတန်းဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၃၀၀၀၀ မှ ၃၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေကလဲ လတ်ဆတ်မှုရှိပြီး အရည်အသွေးလဲကောင်းပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက် ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။



ဇလွန်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် ကိုရံ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြို့သစ် ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုရံ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကိုရံ(တ)ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ကိုရံ(တ) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၅ ဦးကို ငွေကျပ် ၃၉ ဒသမ ၄၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၀၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**



## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကျိုင်းတုံမြို့နယ် ယန်းလောခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကျိုင်းတုံ ဇွန် ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းလောကျေးရွာအုပ်စု ယန်းလောခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်အေးနုဝါနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ယန်းလောခေတ်မီစံပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ်သိန်း ၂၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် သိန်း ၁၇၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၉၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့(World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ဖွင့်လှစ်ပေးစဉ်။




ဒုတိယသမ္မတ ဦးညီညိုစော ထူးချွန်အဆင့်(၂) MSME လုပ်ငန်းဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထူးချွန်အဆင့်(၂) MSME လုပ်ငန်းဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ၊ MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အခမ်းအနားအထိမ်းအမှတ်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေးဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံးဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်း စီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက်အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီ ၆ ရက်နေ့ ကုလသမဂ္ဂ၏အထွေထွေညီလာခံအစည်းအဝေးတွင် နှစ်စဉ် ဇွန် ၂၇ ရက်ကို **"World MSME Day"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့်လုပ်ငန်းများ အားလုံးပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျအောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSMEကဏ္ဍကို အရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်အတွက် **“စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန”**ကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာတိုးတက်စေချင်သည့် နိုင်ငံတော်၏မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးကဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ယင်းနေရာတွင် အလေးအနက်မှာကြားလိုသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍအဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီးလေးရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း။

ကုန်ကြမ်းအနေဖြင့် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အပြည့်အဝအသုံးချကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊လျှပ်စစ်မီး၊ မြေသြဇာနှင့် ကုန်ထုတ်လုပ်မှုစက်ကိရိယာအစိတ်အပိုင်းများကိုလည်း သင့်တော်သည့်နည်းလမ်းများဖြင့် တီထွင်ကြံဆပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်စကများကို ဖြစ်နိုင်သမျှလျှော့ချပေးနိုင်ရန်နှင့်ကုန်ထုတ်စွမ်းအားကိုပိုမိုတိုးတက်လာရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူး

**မိမိတို့နိုင်ငံ၏ MSMEလုပ်ငန်းများ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ဆိုပါက အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည်ဖြစ်၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့်စီးပွားရေးစနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာဗဟုသုတများကို အစဉ်သဖြင့်ဝေမျှပေးနိုင်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ် . . .**

အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံပြီး လုပ်ကိုင်နေကြသည် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ်စိုက်ပျိုးမွေးမြူထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာများအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများပြောင်းလဲထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ပြည်ပမှတင်သွင်းနေရသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကိုကြည့်ပါက အများစုသည် မိမိတို့နိုင်ငံ၌လည်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး အရည်အသွေးမီထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ကုန်ချောတင်သွင်းနေရမှုကို လျှော့ချနိုင်မည့်အပြင် သွင်းကုန်အစားထိုးခြင်းကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့၏မျှော်မှန်းချက်သည် Agro-based Industry ထူထောင်နိုင်ရေးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်မလွယ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍စက်မှုလုပ်ငန်းများကို MSMEနှင့် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဝါးကိုအခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကိုအခြေခံသည့် အလုံးစုံသော သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများသည် Agro-based Industry များ အချို့သာဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်း MSMEများသည် ကမ္ဘာ့ MSME များနည်းတူ ငွေကြေးအရင်းအနှီး၌ အခက်အခဲများရှိနေခြင်း၊ နည်းပညာနောက်ကျနေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှုအားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားမလုံလောက်ခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်(Supply Chain) အားနည်းခြင်း၊ကမ္ဘာ့စီးပွားရေးဆိုင်ရာသက်ရောက်မှုများ ကြုံတွေ့နေရခြင်းစသည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကိုကျော်လွှားပြီး အခွင့်အလမ်းအဖြစ်ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ဒေသန္တရအစိုးရအဖွဲ့များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊လုပ်ငန်းကွန်ရက်များအနေဖြင့် လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းသေချာစွာရရှိစေရေး၊ ငွေကြေးအရင်းအနှီးလွယ်ကူစေရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ ရရှိနိုင်ရေးအတွက် ခိုင်မာသည့် ဝန်းကျင်ကောင်းတစ်ခုကို ဝိုင်းဝန်းတည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်သူများ၊ စိုက်ပျိုးရေးမွေးမြူရေးကုန်ထုတ်လုပ်သူများမှ အစပြု၍ ဝန်ဆောင်မှုပေးနေသူများအထိ MSME လုပ်ငန်းရှင်အားလုံးသည် ယင်းစီးပွားရေးစိန်ခေါ်မှုများကြားမှကြံ့ကြံ့ခံပြီး အလုပ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန်(အသေးစား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီကုမ္ပဏီလီမိတက် စားသောက်ကုန် (အလတ်စား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထူးချွန်အဆင့်(၃) MSME လုပ်ငန်းဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

အကိုင်များဖန်တီးပေးနေသည်ကို တွေ့ရသည့်အတွက် အလေးအနက်အသိအမှတ်ပြုကြောင်း။

မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကိုမြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့်အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် ဒေသတစ်ခုနှင့်တစ်ခုရာသီဥတု၊ မြေဆီလွှာနှင့်ထွက်ရှိသည့် သဘာဝသယံဇာတချင်း မတူညီသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီ၌လည်း အားသာချက်ကိုယ်စီရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ရှိသည့် MSME များကို ထိထိရောက်ရောက်တိုးတက်စေလိုပါက **“ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP)”** စနစ်ကိုအားစိုက် ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း။

ယခုနှစ် World MSME Day ကို နှစ်ရက်တာကျင်းပပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများနှင့် အလှမ်းမဝေးစေရေး ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲမှုကိုမြှင့်တင်အားပေးသည့် အထူးအစီအစဉ်များကို ထည့်သွင်းပံ့ပိုးပေးထားကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင်ငွေကြေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်း၊ မိမိတို့၏ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်ထိ ထိုးဖောက်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်ရောင်းဝယ်ဖောက်ကားမှုပလက်ဖောင်း(E-commerce Platforms)များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် လူငယ်စံပြလုပ်ငန်းရှင်များကို ဒစ်ဂျစ်တယ်နည်းပညာများတွင် သေချာစွာနားလည်သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်မှုများအားကောင်းခိုင်မာရေးဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာရန်ဆိုပါက သီးခြားစီဖြစ်နေပြီး အမျိုးအစားတူသည့် MSME လုပ်ငန်းများကို စုစည်းပြီး အောင်မြင်မှုရရှိသည်ထိ ရှေ့သို့ဆက်လက်ချီတက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ပံ့ပိုးပေးနိုင်သည့် Supply Chain Mechanism ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကွင်းဆက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

ကွန်ရက်တစ်ခုဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးသွားကြရန်လိုအပ်ကြောင်း၊ စက်ရုံကြီးများအတွက်လိုအပ်သည့် စက်အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက်ကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများကို ပြည်ပမှမှာယူတင်သွင်းနေမည့်အစား အရည်အသွေးမီသည့်ပြည်တွင်း MSME ထုတ်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့်စနစ်မျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် တစ်ခုနှင့်တစ်ခုကွင်းဆက်မပြတ် အချိတ်အဆက်မိမိပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ မျှဝေဖလှယ်မှုများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSMEလုပ်ငန်း များ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ဆိုပါက အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည်ဖြစ်ကြောင်း၊ဆက်လက်ပြီး ကမ္ဘာ့ဈေးကွက်အထိတင်ပို့နိုင်ရေးအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့် Global Partnership အတွက်ကိုပါ **စာမျက်နှာ ၁၈ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အခမ်းအနား အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ရည်မှန်းထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့် စီးပွားရေးစနစ်များဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာဗဟုသုတများကိုအစဉ်သဖြင့် ဝေမျှပေးနိုင်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကုန်ထုတ်လုပ်မှုနယ်ပယ်အသီးသီးတွင် ဒေသအလိုက်လုပ်ငန်းကဏ္ဍချိတ်ဆက်မှုများ ပီပြင်စွာဖော်ဆောင်နိုင်စေရေးအတွက် လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ငယ်များအကြား ပေါင်းကူးတံတားသဖွယ် စနစ်တကျညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များသည် မိမိတို့နိုင်ငံစီးပွားရေး၏ ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ယင်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေခြင်းသည် မိမိတို့နိုင်ငံ၏စီးပွားရေးအင်အား တောင့်တင်းလာစေရုံတင်မက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝနှင့် မိသားစုဝင်ငွေများကို တိုက်ရိုက်မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ စတင်ပျိုးထောင်စလုပ်ငန်း(Startup) တည်ထောင်သူများနှင့် MSME လုပ်ငန်းများအားလုံးကို နိုင်ငံတော်ကိုယ်စားအထူးကျေးဇူးတင်ရှိကြောင်းကိုပြောကြားလိုကြောင်း၊ လုပ်ငန်းများ၏တီထွင်ဖန်တီးမှု၊ ကြိုးစားအားထုတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့သည် မိမိတို့၏ မြို့ရွာဒေသများကို ပြောင်းလဲတိုးတက်စေရုံတင်မက နိုင်ငံတော်၏စီးပွားရေးတစ်ခုလုံးကို ရှေ့သို့မောင်းနှင်ပေးနေခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်း MSME လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်ထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် အစွမ်းကုန်ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်မျိုးစုံပေါကြွယ်ဝသည့် နိုင်ငံဖြစ်သကဲ့သို့ လူသားအရင်းအမြစ်လည်း ပြည့်စုံသည့်နိုင်ငံဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့်သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏ လူမှုစီးပွားများမြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမှုကို လျှော့ချပေးနိုင်မှုအစရှိသည့် များစွာသောအကျိုးဆက်များခံစားရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် အရင်းအနှီးကိုဟန်ချက်ညီအောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ထို့ကြောင့် အားလုံးကတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အားလုံးအလုပ်လုပ်ကြရန်သာလိုကြောင်း၊ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် သူ့အကျိုး ကိုယ့်အကျိုး အပြန်အလှန်အကျိုးပြုရုံမျှမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ကိုပါ ဖော်ဆောင်ပေးရာရောက်မည်ဖြစ်ပြီး Win-Win Win Situation အခြေအနေရောက်ရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ MSMEနေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အနာဂတ်မျိုးဆက်သစ် လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံးခေတ်မီနည်းပညာများ၊တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်ကပံ့ပိုးပေးထားသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်ထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

## ယခုနှစ် ကမ္ဘာ့ MSME နေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အနာဂတ် မျိုးဆက်သစ် လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံး ခေတ်မီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်ကပံ့ပိုးပေးထားသည့် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်ထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားလို . . .

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထူးချွန်အဆင့်(၁)MSMEလုပ်ငန်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန်(အသေးစား) လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီကုမ္ပဏီလီမိတက်စားသောက်ကုန်(အလတ်စား)လုပ်ငန်း၊ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)တို့ကို ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ထူးချွန်အဆင့်(၂)MSMEလုပ်ငန်း သုံးခု၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ထူးချွန်အဆင့်(၂) MSME လုပ်ငန်း သုံးခု၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ထူးချွန်အဆင့်(၃) MSME လုပ်ငန်း သုံးခု၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်း သုံးခု၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခုတို့ကို ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် MSMEလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကမ္ဘာ့အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနား တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အခမ်းအနားအထိမ်းအမှတ်အဖြစ် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီပြခန်းများ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပြခန်းများ၊ အသင်းအဖွဲ့များအလိုက်ပြခန်းများ စုစုပေါင်းပြခန်းပေါင်း ၁၄၉ ခန်းတွင်ခင်းကျင်းပြသထားသည့်ဒေသထွက်စားသောက်ကုန်ပစ္စည်းများ၊အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများနှင့်မျိုးစေ့များနှင့် အခြားပြည်တွင်း MSME လုပ်ငန်းများမှထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၁၆ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း



**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ၁၆ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များပူဇော်ကန်တော့ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ Dolphin Hall တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မုဒိတာစကား ပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၈ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ငါးသိန်းအပါအဝင် စုစုပေါင်းငွေကျပ် သုံးရာ ဆယ်နှစ်သိန်း ခြောက်သောင်း(၃၁၂၆၀၀၀၀)နှင့် ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်တက်ရောက်လာကြသူများက အသက် ၇၅ နှစ်နှင့်အထက် ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီး ၁၅၈ ဦးကို ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား တေးသံရှင် မြန်မာပြည်သိန်းတန်က ဆုတောင်းမေတ္တာပို့သြဝါဒစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများဖွင့်လှစ်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇွန် ၂၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နေမှုနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တီးတိန်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(တီးတိန်)၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်၊ လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လွဲမှားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာနနှင့်နိုင်ငံတော်အစိုးရ၏ပုံရိပ်ကိုထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများနေထိုင်လျက်ရှိသည့်အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တီးတိန်မြို့မှ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ အများပြည်သူသို့ အသိပေးကြေညာမှု**

၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက် နောက်ဆုံးထား၍ နီးစပ်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁.၁၂.၂၀၂၆ ရက် နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# World MSME Day အထိမ်းအမှတ် အခမ်းအနားနှင့်ဆက်စပ်၍ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၂၇

World MSME Day အထိမ်းအမှတ် အခမ်းအနားနှင့်ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက "အနာဂတ် ခေတ်မီ MSME များ၏ ဒစ်ဂျစ်တယ်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စားပွဲဝိုင်းပုံစံဖြင့် ဆက်လက်ဆွေးနွေးကြသည်။





ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက သိရှိလိုသည့် အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ကမ္ဘာ့ MSME နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် အသင်းအဖွဲ့များ ဂုဏ်ပြုအခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကမ္ဘာ့ MSME နေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်လွှာများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❖ မြန်မာ ယူ-၁၅ အသင်းမှ**

ကစားသမားရွေးချယ်ခြင်း အစီအစဉ်များကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။

ယခုကျင်းပမည့် FIFA U-15 ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်သည် နိုင်ငံတကာမှ လူငယ်မျိုးဆက်သစ်ဘောလုံးသမားများပြုစုပျိုးထောင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ထူးခြားသည့် ပွဲတော်ပုံစံ(Festival Format) ဖြင့်ကျင်းပသွားမည်ဖြစ်သည်။

တစ်သင်းလျှင် ပုံမှန်ကစားနေကျ ၁၁ ယောက်မဟုတ်ဘဲ ရှစ်ယောက်စီဖြင့် သတ်မှတ်ထားသော ကွင်းအရွယ်အစား 68m x 50m ၌ ပွဲတစ်ပွဲလျှင် မိနစ် ၂၀ နှစ်ပိုင်း ကစားရမည်ဖြစ်ကာ ကစားသမားလဲလှယ်ခြင်းကို စိတ်ကြိုက်ပြုလုပ်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ပထမအဆင့် အုပ်စုခြေစစ်ပွဲ(Qualification Stage) တွင် ခြောက်သင်း သို့မဟုတ် ခုနစ်သင်းစီပါဝင်သော အုပ်စု ၃၂ စုခွဲကာ ပတ်လည်ကစားရမည်ဖြစ်ပြီး အသင်းအားလုံးသည် ဒုတိယအဆင့် (Tournament Stage) သို့ ဆက်လက်တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ဒုတိယအဆင့်တွင် အုပ်စုပထမရသူများ၊ ဒုတိယရသူများအလိုက် သတ်မှတ်ထားသည့် Tier (အဆင့်) များခွဲကာ Knockout (ရှုံးထွက်) ပုံစံဖြင့် ကစားရမည်ဖြစ်သော်လည်း ရှုံးနိမ့်သောအသင်းများမှာလည်း ပြိုင်ပွဲမှထွက်ခွာရခြင်းမရှိဘဲ အခြားအဆင့်ရပ်တည်မှုအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် တစ်သင်းလျှင် အနည်းဆုံး ခုနစ်ပွဲမှ ၁၀ ပွဲထိ ကစားခွင့်ရရှိမည်ဖြစ်သည်။

ယခုနှစ်တွင် ပထမဆုံးကျင်းပမည့် FIFA U-15 World Cup and Festival 2026 တွင် FIFA အဖွဲ့ဝင် နိုင်ငံအများစုယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ယှဉ်ပြိုင်ခွင့်ရထားကြောင်း သတင်းများ၏ဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် သုံးနှစ်တာအတွင်း မြန်မာ ယူ-၁၅ လိဂ်ပြိုင်ပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးဇုန်များတွင် နှစ်စဉ်ကျင်းပလျက်ရှိသကဲ့သို့ ယခု ၂၀၂၆ လိဂ်ပြိုင်ပွဲကိုလည်း ယခင်နှစ်ကထက် ပြိုင်ပွဲဝင်အသင်း ပိုမိုများပြားစွာဖြင့် ကျင်းပပေးလျက်ရှိရာ လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများ၊ လူငယ်ဘောလုံးပွဲတော်များ၊ Regional Football Training Center များ၊ အကယ်ဒမီများ၊ အခမဲ့လူငယ်သင်တန်းများ စသည်ဖြင့် Youth Football Development ကို စနစ်တကျဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ မြန်မာ ယူ-၁၅ အသင်း ပါဝင်ယှဉ်ပြိုင်ရေးအတွက် တရားဝင်အကြောင်းကြားစာပေးပို့ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ရန် တရားဝင်ဆက်သွယ်ဆောင်ရွက်ခဲ့၍ အဆိုပါ ကမ္ဘာ့အဆင့်လူငယ်ဘောလုံးပွဲတော်ကြီးသည် မြန်မာ့လူငယ်ကစားသမားများအတွက် နိုင်ငံတကာအတွေ့အကြုံကောင်းများစွာ ရရှိစေမည့်အပြင် အနာဂတ် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲများအတွက်ပါ အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ကိုစံ**

---

**■ အာရှအားကစားပြိုင်ပွဲမှ**

အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka) သည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile၊ eFootball Console စသည့် အားကစားနည်းငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"နိုင်ငံကိုယ်စားပြု Esports အသင်းအနေနဲ့ အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ဒေသတွင်းနိုင်ငံတွေမှာ အကြိုလက်ရည်စစ်ပွဲတွေကို အောင်မြင်ပြီးမှ အာရှပြိုင်ပွဲကို ဝင်ရောက်ခွင့်ရခဲ့ပါတယ်။ အသင်းအနေနဲ့ အားကစားနည်းငါးမျိုးမှာ တကယ့်ထိပ်သီးနိုင်ငံတွေကို ကျော်ဖြတ်အောင်မြင်ပြီး အာရှပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်တဲ့အတွက် အာရှပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်မယ်လို့ ပြောရမှာပါ။ အထူးသဖြင့် မွန်ဂိုလီးယား၊ တရုတ်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေကို အထူးသတိထားပြီး ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ ဘယ်လိုအခက်အခဲရှိပါစေ၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်မယ့် ဆုတံဆိပ်ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမယ်လို့ အသင်းအနေနဲ့ရည်မှန်းချက်ချထားပြီးဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF) ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ Esports ကစားနည်း ၁၁ မျိုးအတွက် ဆုတံဆိပ် ၃၃ ခု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF) အနေဖြင့် မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka)ကို နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များဆွတ်ခူးနိုင်ရန် ကစားသမားများ၏ နည်းဗျူဟာပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့ကို အမြင့်ဆုံးအဆင့်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ **သစ္စာ(mna)**

---

**☆ ကျောဖုံးမှအဆက်**

အသက် ခုနစ်နှစ်မှ ၇၅ နှစ်ထိ စက်ဘီးစီးဝါသနာရှင်များကို ခရာမှုတ်၍ တာလွှတ်ပေးပြီး အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ Youth Camp မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အရှေ့ဘက် (Gate- A)မှ စတင်၍ စုပေါင်းလမ်းလျှောက်ကြပြီး ကွင်းပတ်လမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအားကစားရုံ (A,B,C)အရှေ့ဘက်တွင် ပန်းဝင်ကြသည်။

ထို့နောက် စုပေါင်းကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်း အတွဲ(၁) နှင့် (၂)တို့ကိုလည်းကောင်း၊ ခန္ဓာကိုယ်ပေါ့ပါးပြီး တစ်နေ့တာ စိတ်အပန်းပြေစေရန် ပျော်ပျော်ပါးပါးဖြင့် စုပေါင်း၍ Zumba ကစားခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး လန်းဆန်းစာအဖြစ် အချိုရည်နှင့် ပေါင်မုန့်များကို ပေးဝေခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၂၇**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက အမှာစကားများပြောကြားကာ နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဂျဝ၁)

# ဘုရား၊ စေတီများနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် ဇွန် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ကိုးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုရား၊စေတီပုထိုးများ၊ အခြေခံပညာကျောင်းများ၏ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

(ဂျဝ၁)




# မဟာအောင်မြေမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ(အရှေ့)ရပ်ကွက် ယတိဘူမင်္ဂလာ ရတနာကောသမြတ်စွာဘုရားရှိ ဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဂျဝ၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပသည်။



ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကို၊ ဒေါ်မြင့်မြင့်ထွေး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတာဝန်ခံ ဦးဟန်ထွန်းဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ နည်းပြဆရာ၊ဆရာမများနှင့် သင်တန်းသား၊သင်တန်းသူ ဦးရေ ၂၅၀ တို့ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌက အသင်း၏ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက လူငယ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လူငယ်ကဏ္ဍ ၁၆ ရပ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခဲ့သည့် သင်တန်းသား၊ သင်တန်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။

**● အွန်လိုင်းလိမ်လည်မှုမှ**

ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၅ လုံးကို စနစ်တကျ ဖြိုချ ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့်တရားမဝင် အဆောက်အအုံ ၁၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**❑ ပူတာအိုမြို့မှ**

ကျောင်းသုံး စာရေးကိရိယာများကို သိုလှောင်ရုံတွင် စနစ်တကျထိန်းသိမ်းထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများက သိုလှောင်ရုံသို့ စနစ်တကျ သယ်ယူပို့ဆောင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ (၂၇-၆-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၆ ခုနှစ် ဇွန် ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အမေရိကန်နိုင်ငံ ကလစ်ကီတက်ကောင်တီတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်



**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ကလစ်ကီတက်ကောင်တီတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သည့်အတွက် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာအနီးနေထိုင်သော ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဝါရှင်တန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် အယ်လ်ဒါဒယ် ဧရိယာမှ လူနေအိမ်ခြေများဆီသို့ ဦးတည်နေသဖြင့် ၎င်းဧရိယာအတွင်းမှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း၊ တောမီးသည် အယ်လ်ဒါဒယ် ဧရိယာမှတစ်ဆင့် ဝေ့ါရှ်ဧရိယာ ဘက်ပိုင်းသို့လည်း ကူးစက်လောင်ကျွမ်းနိုင်ပြီး လိုအပ်ပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ဝေ့ါရှ်ဧရိယာတွင် နေထိုင်သည့်ဒေသခံများကို ကြိုတင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ကလစ်ကီတက်ကောင်တီမှာ တောမီး လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း လူနေအိမ်ခြေတွေဆီကို ကူးစက်သွားနိုင်ပါတယ်။ ဒါကြောင့် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ထားပါတယ်" ဟု ဝါရှင်တန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်တွင် အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေ

**ဝယ်လင်တန် ဇွန် ၂၇**

နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်တွင် ဇွန် ၂၆ ရက်က အင်အားပြင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ လျှပ်စစ်မီး ပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အမျိုးသားမိုးလေဝသခန့်မှန်းရေးဌာန (MetService) က နိုင်ငံတစ်ဝန်း လေဖိအားနည်းရပ်ဝန်း၏ သက်ရောက်မှုကြောင့် ပြင်းထန်သော ရာသီဥတုသတိပေးချက်များစွာ ထုတ်ပြန်ထားရကြောင်း၊ အင်အားပြင်းမုန်တိုင်း တိုက်ခတ်စဉ်လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ မှ ၁၅၀ ကျော်ထိ တိုက်ခတ်ခဲ့ပြီး လေပြင်းများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

မုန်တိုင်း၏ သက်ရောက်မှုကြောင့် ဝယ်လင်တန်လေဆိပ်သို့ ဝင်ရောက်ထွက်ခွာမည့် လေယာဉ်ခရီးစဉ် ၂၀၀ ကျော်ကို ဖျက်သိမ်းလိုက်ကြောင်း အတည်ပြုခဲ့ပြီး လုံခြုံစိတ်ချရသည့် အချိန်မှသာ ပြန်လည် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဝယ်လင်တန် လျှပ်စစ်ဓာတ်အားပေးရုံ၏ အချက်အလက်များအရ မုန်တိုင်းကြောင့် အိမ်ထောင်စု ၄၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရပြီး ၎င်းတို့အနက် ၃၀၀၀ ခန့်ကို ယနေ့တွင် လျှပ်စစ်ဓာတ်အားပြန်လည်ပေးနိုင်ခဲ့သော်လည်း ကျန်ရှိသည့်သုံးစွဲသူများ အားလုံးထံ လျှပ်စစ်ဓာတ်အား အပြည့်အဝပြန် လည်ပေးနိုင်ရန် ရက်အနည်းငယ် ကြာနိုင်ကြောင်း သိရသည်။

ထို့ပြင် ဝယ်လင်တန်မြို့၏ အရှေ့မြောက်ဘက်ရှိ Lower Hutt ဒေသတွင်လည်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုနှစ်ခုဖြစ်ပွားခဲ့ရာ အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များက လိုအပ်သည့်ကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဗင်နီဇွဲလားနိုင်ငံတွင် အင်အားပြင်းငလျင်နှစ်ကြိမ်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ဦးရေ ၉၂၀ ရှိလာကာ ဦးရေ ၃၃၆၀ ထိခိုက်ဒဏ်ရာရရှိခဲ့

**ကာရာကက်စ် ဇွန် ၂၇**

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကက်စ်နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ဇွန် ၂၅ ရက်က ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်နှင့် ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တို့ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီးနောက် ယနေ့တွင် သေဆုံးသူ ဦးရေ ၉၂၀ ရှိလာပြီး ဦးရေ ၃၃၆၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားအစိုးရ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ငလျင်ဒဏ်ခံရသည့် အဆောက်အအုံများအတွင်း လူ ၁၇၂ဦး ပိတ်မိနေဆဲဖြစ်ကြောင်း၊ ထို့ပြင် လူပေါင်း ၅၀၀၀၀ ကျော် ပျောက်ဆုံးနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိပြီး ပျောက်ဆုံးသူများ၏ အခြေအနေကိုအတည်ပြုနိုင်ရေးနှင့် အသက်ရှင်ကျန်ရစ်သူများကို အမြန်ဆုံးရှာဖွေ ကယ်ဆယ်နိုင်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကုလသမဂ္ဂ၏ အစီရင်ခံစာအရ အဆိုပါ ငလျင်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

လက်ရှိတွင် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသအများအပြား၌ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အရေးပေါ်ဖြန့်ဝေပေးလျက်ရှိကာ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၃၂၇ ဦးထိ မြင့်တက်လာ

**မက်ဒရစ် ဇွန် ၂၇**

စပိန်နိုင်ငံတွင် ဇွန်လအတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၃၂၇ ဦးထိ မြင့်တက်လာကြောင်း စပိန်နေရှင်နယ် မိုးလေဝသ အေဂျင်စီ (AEMET) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှု ပမာဏမှာ ၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး စပိန်နိုင်ငံသမိုင်းတစ်လျှောက် အပူချိန်အမြင့်မားဆုံးသော ဇွန်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်တိုင်း စပိန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သော ရောဂါဝေဒနာများကြောင့် သေဆုံးသူ မြင့်တက်လေ့ရှိပြီး ၂၀၂၆ ခုနှစ်အတွင်း၌လည်း အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ဆက်လက် မြင့်တက်နိုင်ကြောင်း စပိန်နေရှင်နယ် မိုးလေဝသ အေဂျင်စီ (AEMET) က ထုတ်ပြန်သွားခဲ့သည်။

"ဇွန် ၂၁ ရက်က စတင်ပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေခဲ့ပါတယ်။ အပူချိန်ပမာဏဟာ ၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်တဲ့ ရောဂါဝေဒနာတွေကြောင့် ရက်သတ္တနှစ်ပတ်တာ ကာလအတွင်း သေဆုံးသူ ၃၂၇ ဦးထိ ရှိနေပြီဖြစ်ပါတယ်။ သေဆုံးသူ ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိနေပါတယ်" ဟု စပိန်နေရှင်နယ် မိုးလေဝသအေဂျင်စီ (AEMET) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ

**ပေကျင်း ဇွန် ၂၇**

တရုတ် (တိုင်ပေ)တွင် ဇွန် ၂၅ ရက်က တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း တရုတ် (တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၂၆ ရက် သတင်းများတွင်ဖော်ပြထားသည်။

မုန်တိုင်းသည် တရုတ် (တိုင်ပေ) ကို တိုက်ရိုက်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းမျိုး မဟုတ်ဘဲ တရုတ် (တိုင်ပေ) ဧရိယာ အစွန်းဘက်ပိုင်းကို ဖြတ်သန်းတိုက်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ ရေလွှမ်းနေပြီး ရေလွှမ်းနေသော လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ နေရာတချို့တွင် မြေပြိုကျမှုများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အန္တရာယ်ရှိနိုင်သော ဧရိယာများကို ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားကြောင်း သိရသည်။

"ဇွန် ၂၅ ရက်မှာ အားကောင်းတဲ့တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ တရုတ် (တိုင်ပေ)ကို တိုက်ရိုက် ဦးတည်လာတာ မဟုတ်ပါဘူး။ တရုတ် (တိုင်ပေ) အစွန်းပိုင်းကို ဖြတ်သန်း တိုက်ခတ်သွားခဲ့တာဖြစ်ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ဒေသခံဦးရေ ၂၀၀ ကျော်ကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်" ဟု တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက် လက်ခံရရှိထားသော ဧရိယာအတွင်း နေထိုင်သူများကို ချက်ချင်းနေရပ်ကို စွန့်ခွာရန်လည်း နှိုးဆော်မှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က ရေလျှံသည်

## မစန္ဒာ



ဇွန် ၂၆ ရက်မှအဆက်

"အဖေသေပြီ ဟီး... ဟီး၊ ကျွန်မအဖေ သေပြီ။ မကယ်နိုင်ကြတော့ဘူးလားတော့်၊ သိကြားမင်းကြီး ရေ ကယ်ပါအုံး။ ကျွန်မအဖေ သူတော်ကောင်းကြီး ပါတော်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူးတော်"

ကားမောင်းသူက ငယ်ငယ်ရွယ်ရွယ် ကောင်မကလေးဖြစ်သည်။ ဆံပင်ကို အနီရောင်ဆိုး ထားပြီး ဘောင်းဘီတိုလေးဝတ်ထားသည်။ ကားပေါ်က ဆင်းလာသော်လည်း ဘကြီးသာဖြိုးနား မကပ်ရဲ၊ မျက်လုံးအပြူးသားနှင့် ခြေတွေလက်တွေ တုန်နေသည်။ ကောင်မကလေး၏အထိန်းတော် ဖြစ်ဟန်တူသော မိန်းမဝကြီးကတော့ ပို၍ပင် ဆိုးတော့သည်။ ဘုရားစာများကို တုန်ယင်ချည့်နဲ့သော အသံနှင့် ကပြောင်းကပြန်ဆိုနေသည်။

အမျိုးသားနှစ်ယောက်ကတော့ သွက်သည်။ ဘကြီးသာဖြိုးကို ပွေ့ပြီးတော့ ကားပေါ်တင်သည်။ ဒေါ်စပွန်ဆာကိုလည်း လိုက်ခဲ့ရန် ခေါ်သည်။ ထို့နောက် အမြန်ဆုံးမောင်းထွက်လာလိုက်သည်။ မည်သူမျှပင် မမြင်လိုက်၊ မသိလိုက်ကြချေ။

"အဘလားခင်ဗျ။ ဟုတ်ကဲ့ ကျွန်တော်ပါ။ မီးမီး ကားမောင်းရင်း လူတစ်ယောက်ကို တိုက်မိလို့ခင်ဗျ၊ ဟုတ်ကဲ့ ကျွန်တော်လဲ သူတော်တော်ကျွမ်းနေပြီ ဆိုပြီး လွှတ်ပေးလိုက်မိလို့ပါ။ ဟုတ်ကဲ့၊ အခုကားပေါ်မှာပါ၊ ဟုတ်ကဲ့ အမြန်ဆုံး လာခဲ့ပါ့မယ်"

ကောင်မကလေးနှင့် သူ့အထိန်းတော်က ဘာသံမှမထွက်နိုင်။ တဟီးဟီးနှင့် ငိုနေသောဒေါ်စပွန်ဆာကို မျက်နာငယ်လေးများနှင့် ကြည့်နေသည်။ ဘကြီးသာဖြိုးကလည်း ကားပေါ်ရောက်တော့ သတိရလာသည်။ "နာတယ် နာတယ်"ဟု ခပ်သဲ့သဲ့ပြောတော့ ဒေါ်စပွန်ဆာက ပို၍ငိုကာ ကောင်မကလေးက ပို၍ လန့်လာဟန်ရှိသည်။

"သတိရလာတယ်ဆိုရင် အခြေအနေကောင်းပါတယ်။ မစိုးရိမ်ပါနဲ့ အစ်မကြီးရယ်"

အမျိုးသားတစ်ဦးက ပြောသည်။ ဒေါ်စပွန်ဆာ၏ လက်ထဲသို့ တစ်စုံတစ်ရာထည့်ပေးလိုက်သည်။ ကြည့်လိုက်တော့ ငါးထောင်တန်တစ်အုပ်။ "ဘုရား ဘုရား ငါးထောင်တန်တွေ၊ ဘုရား ဘုရား အုပ်လိုက်ကြီး၊ ဒါဆိုရင် ဘယ်လောက်လဲ ဘုရား ဘုရား ငါးသိန်းလား"

ဒေါ်စပွန်ဆာ၏ မျက်လုံးပြူးထွက်လာသည်။ ဘုရားကို အခါခါတရင်း အငိုလည်း တိတ်သွားသည်။ ဆေးခန်းမသွားမီ အိမ်တစ်အိမ်ကို ဓာတ်ဝင်သည်။ ကောင်မကလေးနှင့်အထိန်းတော်တို့ ကားပေါ်မှဆင်းသည်။ မွန်ရည်သားနားသော လူတစ်ဦးက ကားနား ရောက်လာသည်။ ဒေါ်စပွန်ဆာကို "အားလုံး အဆင်ပြေအောင် လုပ်ပေးမယ်နော်။ စိတ်ကို အေးအေးထားပါ။ မနစ်နာစေရပါဘူး"ဟု ခပ်ချိုချို ပြောသည်။ ဒေါ်စပွန်ဆာလည်း ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။ ကားပေါ်သို့ တိုက်ပုံအင်္ကျီ ဝတ်ထားသောလူတစ်ဦး တက်လာသည်။ "လိုအပ်သလိုပြည့်စုံအောင် ဆောင်ရွက်ပေးပါ့မယ်အဘာ၊ စိတ်ချပါ" ဟု ပြောသည်။

မကြာမီ ဆေးခန်းတစ်ခုသို့ ရောက်သည်။ ဘကြီးသာဖြိုး၏ ညာဘက်လက်ကောက်ဝတ်သည်လည်း ရောင်ကိုင်းနေပြီဖြစ်သည်။ ခုနတုန်းက ပူပူထူထူနှင့် နာမှန်းမသိသော ဒူးကလည်း နာလာသည်။ ခေါင်းကလည်း သွေးတစ်မှိန်မှိန် ထွက်နေဆဲဖြစ်သည်။

"အစ်မကြီးတို့ ဘာမှမပြောနဲ့နော်။ ကျွန်တော် အဆင်ပြေအောင် လုပ်ရှားပေးပါ့မယ်"

ဒေါ်စပွန်ဆာက အဖေ့ကို ဖေးမရင်း ခေါင်း တဆတ်ဆတ်ညိတ်ပြပြန်သည်။ အိတ်ထဲက ငါးသိန်း ၏မျက်နှာကို ထောက်ထားရမည် မဟုတ်လား။

"မီးကလဲ ခဏခဏပျက်တယ်ဗျာ။ ကျွန်တော့် ဦးလေးကို မီးပျက်တုန်း လေ့ကားပေါ်က လိမ့်ကျတာ လူကြီးဆိုတော့ ခြေတွေလက်တွေကလဲ ဘယ်မြဲမလဲ ဆရာရယ်"

ဆရာဝန်က ရယ်သည်။ အရက်ဖြူနဲ့ တထောင်းထောင်းထွက်နေသော ဘကြီးသာဖြိုးကို လှမ်းကြည့်ရင်း "အသက်ကလေး ထောက်လာရင် အသောက်ကလေးလဲ လျှော့မှဖြစ်မှာပေါ့ ဦးကြီးရဲ့"ဟု ပြောသည်။ ခေါင်းကွဲခြင်း၊ လက်ကျိုးခြင်း၊ ဒူးပြဲခြင်း စသည်များသည် လေ့ကားပေါ်မှ လိမ့်ကျလျှင် ဖြစ်လေ့ဖြစ်ထရှိသော ဒဏ်ရာဒဏ်ချက်များပင် ဖြစ်သည်။ ထို့ကြောင့် မီးပျက်လို့လား၊ မူးလို့လားဟု ရယ်သွမ်းသွေးရုံမှအပ အထူးအထွေ သံသယဝင်ပုံ မရပေ။

နာရ၊ ကျင်ရသည့်အထဲတွင် သူ၏အသက်နှင့် သူ၏အရက်ကို ယှဉ်တွဲပြောလာတော့ ဘကြီးသာဖြိုးက မျက်နှာကြီးပုပ်သွားသည်။ သူက သောက်မည့်သာ သောက်နေသော်လည်း သူ့ကိုများ "မူးလာပြီ" ဟု ပြောလျှင် နည်းနည်းမှ မခံနိုင်။ သူဘယ်လောက်သောက်သောက် သူတို့အိမ်က လက်ရန်းမပါသည့် ခနော်ခနဲ့လေ့ကားကိုပင် လိမ့်ကျဖူးသူ မဟုတ်။ အခုဟာက-

"သည်းခံပါအဖေရယ်၊ ဘာမှ မပြောနဲ့နော်။ ဖြစ်လာရင် အသေအချာကုဖို့ အရေးကြီးတာ။ ကျွန်မတို့က ဒီလောက်အကုန်ခံ ကုနိုင်မှာမဟုတ်ဘူး"

ဒေါ်စပွန်ဆာက အဖေ့ကို ချော့ရင်း "ငါးသိန်းတောင် ပေးထားတယ်"ဟု တိုးတိုးပြောသည်။

ဘကြီးသာဖြိုးက အံ့သြသွားဟန်ရှိသော်လည်း သူ့သမီးလိုတော့ ဝမ်းသာအားရ ဖြစ်မသွားပေ။ "ငါတို့ကို ဆင်းရဲတယ်ဆိုတိုင်း ငွေမက်တယ် ထင်နေလား"ဟုတွေးပြီး ပို၍ပင် စိတ်တိုသွားဟန်ရှိသည်။ သူ့မှာသာ ပိုက်ဆံပေါလျှင် "ရော့ မင်းတို့ ငွေတွေ ပြန်ယူသွား၊ မင်းတို့က လမ်းပေါ်မှာ လျှောက်ငါက ကားနဲ့ ပြန်တိုက်မယ်။ ဒါဆိုရင် ကျေရော မဟုတ်လား"ဟူ၍ပင် ခွတိုက်ပြီး ပြောမိလေမည်လား မသိရပေ။

အီးစီဂျီဆွဲ၊ ဓာတ်မှန်ရိုက်၊ ခေါင်းကို နှစ်ချက်ချုပ်၊ ကျောက်ပတ်တီးစည်း၊ ဒဏ်ရာဒဏ်ချက်တွေကို ဆေးထည့်၊ ပလတ်စတာကပ်၊ မနက်ပြန် ညပြန် သောက်ရမည့်ဆေးတွေကိုယူ စသည့်ကိစ္စများကို ဆက်တိုက်လုပ်အပြီးတွင်တော့ ည ၈ နာရီကျော် နေပြီဖြစ်လေသည်။ ဆရာဝန်က "ဘာမှတော့ မဖြစ်လောက်ပါဘူး။ ဒါပေမဲ့ ခေါင်းကိုတော့ နည်းနည်း စောင့်ကြည့်ရမယ်။ မူးလာမယ်၊ အန်ချင်လာမယ် ဆိုရင် ချက်ချင်းပြန်လာပါ"ဟု မှာလိုက်သည်။ "ခေါင်းကလေး နှစ်ချက်လောက်ချုပ်ရတာ မူးမလားကွ၊ ငါက တစ်ပုလင်းလုံးကုန်တာတောင် မူးတဲ့ကောင် မဟုတ်ဘူးကွ"ဟု ဘကြီးသာဖြိုးက စိတ်ထဲမှ စိတ်ဆိုးမာန်ဆိုး ပြန်ပြောနေမိပြန်သည်။ ဘာကြောင့်ပဲမူးမူး သူ့ကို မူးသည်ဟု ပြောလျှင် သူမကြိုက်။

"အားလုံးအဆင်ပြေသွားပါပြီ အဘ"

ကိုတိုက်ပုံက ကားပေါ်ရောက်တော့ ဖုန်းဆက်ပြီး သတင်းပို့နေသည်။

"မပြေဘူး၊ နာတယ်ကွ"

ဘကြီးသာဖြိုးက အော်သည်။ တစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသလိုဖြစ်နေ၍ လှုပ်ပင် မလှုပ်ချင်။ ဒူးပြဲထားသည်က တစစ်စစ်နှင့် ကိုက်လာသည်။ ကျောက်ပတ်တီးစည်းထားရသော လက်မှာမှာ တောင့်တောင့်ကို အဝတ်နှင့် သိုင်းထားရသည် ကလည်း အနေခက်လှသည်။ ကိုယ့်ပုဆိုးကိုပင် ကိုယ်မဝတ်နိုင်။ ထမင်းစားတော့ရော ဘယ်ဘက်လက်နှင့်ပင် စားရတော့မှာလား။ အိမ်သာတက်သော အမှုကိစ္စကိုရော လက်တစ်ဖက်တည်းနှင့် ဖြေရှင်းနိုင်ပါ့မလား။ နောက်ပြီး၊ နောက်ပြီး အရေးအကြီးဆုံးက ညနေကျလျှင် သွားနေကျဆိုင်လေးကို ဘယ်လိုလုပ် သွားရမည်နည်း။ ခြေထောက်က အကောင်းမို့ လျှောက်နိုင်သော်လည်း လက်သိုင်းကြိုးနှင့်မို့ ချော်လဲလိုက်လျှင် တစ်ကျိုးမှနေပြီး နှစ်ကျိုး၊ သုံးကျိုး ဖြစ်သွားနိုင်သည်။ မည်သူကမျှ လည်း သနားမည်မဟုတ်။ တွေးရင်း တွေးရင်း စိတ်တိုလာသည်။ သူ ရင်ဆိုင်ရမည့် ပြဿနာများကား မနည်းလှ။

"ခုနတုန်းကငွေက အစ်မကြီး စျေးသုံးဖို့ပါ။ ဒါကတော့ ဦးလေးကို သက်သက်ကန်တော့တာပါ။ ဆေးခန်းသွားဖို့လဲ ကျွန်တော် လာခေါ်ပါ့မယ်"

ဘကြီးသာဖြိုး၏ မျက်နှာကြီးက ပုပ်သည်ထက် ပုပ်လာတော့ ကိုတိုက်ပုံ၏အိတ်ထဲမှ ငါးထောင်တန် တစ်အုပ် ထပ်ထွက်လာသည်။ ဒေါ်စပွန်ဆာခမျာ ရင်များပင် တလှပ်လှပ် ခုန်သွားသည်။ သူ့အိတ်ထဲမှာ ငါးထောင်တန်အုပ်တွေ ဘယ်နှအုပ်များ ကျန်နေဦး မလဲဟု တွေးဆကြည့်ရင်း အူထဲတွင် တကြွတ်ကြွတ် မြည်ကာ ဆာလောင်နေသောဝေဒနာပင် ပျောက်သွားသည်။ သူ့အတွေးထဲတွင် အလိုဆန္ဒတွေက ဘင်ခရာတီးပြီး ချီတက်လာသည်။

"အမိုးပေါက်နေတာတော့ ပြင်ရမယ်။ ကြမ်းခင်းဝါးလုံးတွေလဲ ဆွေးတဲ့နေရာဆွေးနေပြီ။ ကိုကျောက်ဒိုးကိုလဲ ပုဆိုးသစ်ကလေး ဝယ်ပေးချင်တယ်။ အဘကိုလဲ ကျောင်းမထားခင် ကျူရှင်ပို့ပြီး အရင်သင်ထားရင် ကောင်းတယ်တဲ့။ အဖေ့ကိုလဲ ဟင်းကောင်းလေး ကျွေးချင်နေတာ ကြာလှပြီ"

သူက ကြက်ကင်ကို ချက်ချင်းသတိရသွားသည်။ လမ်းဘေးပြုတ်ကျန်ခဲ့သော ဖော့ဘူးလေးကို နှမြောနေသည်။ ဒီတစ်ခါ တစ်ခြမ်းပင်မက တစ်ကောင်လုံး ဝယ်စားပစ်လိုက်ဦးမည်၊ ဝယ်ကျွေး ပစ်လိုက်ဦးမည်။

သူတို့ အိမ်ပြန်ရောက်တော့ ကိုးနာရီကျော် နေပေပြီ။ လမ်းပေါ်လျှံနေသော ရေများကို ထိုးခွဲပြီး ဝေါခနဲ မောင်းဝင်လာသောကားကြီးကို တဲအပေါင်းမှ သူတော်ကောင်းတို့က အထူးအဆန်း ထကြည့်ကြ သည်။ အိမ်ရှေ့တွင် ကားရပ်တော့ ကိုကျောက်ဒိုးက မျက်လုံးပြူးနေသည်။ "ဒီမှာ အဖေ့ကို လာတွဲပါအုံး" ဟူသော ဒေါ်စပွန်ဆာ၏အသံကို ကြားရတော့မှ ရေထဲပြေးဆင်းလာသည်။ သူ့ခမျာ စိတ်ပူပန်သော ရောဂါကို သေလုနီးပါး ခံစားနေရသဖြင့် အသံကြားရရုံနှင့် အတော်ပျော်သွားသည်။

ကားကြီး၏ ရှေ့မီးနှစ်လုံးက အားကောင်းလှတော့ မှောင်ကုပ်ကုပ် လမ်းကလေးပင် ထိန်ထိန်လင်းနေသည်။

"တကယ်ရေလျှံတဲ့ သူဌေးရပ်ကွက်ပဲ"

ကိုတိုက်ပုံနှင့် ကားမောင်းသူတို့က ပြောရင်း ရယ်နေကြသည်။ သူတို့အတွက် ရယ်စရာဖြစ်သော်လည်း ဒေါ်စပွန်ဆာတို့အတွက်တော့ ငိုစရာဖြစ်နေသည်။ ရေတွေက ကြမ်းပြင်ကို ထိနေပြီမို့ ခြေချလိုက်တိုင်း အိပြီး ရေတွေ ဝင်လာနေသည်။

"အဖေ့အတွက် နားနားနေနေ လှဲနေစရာ နေရာ လေးတစ်နေရာစာလောက်တောင် မရှိပါလားဟယ်"

ဘကြီးသာဖြိုးက ထင်းရှူးသေတ္တာပုံးပေါ်တွင် ခြေတင်ထိုင်ပြီး နံရံကို ကျောမှီထားရသည်။ ကျောက်ပတ်တီးကို ရေစိုမှာစိုးရတော့ ပလတ်စတစ်အိတ် ထပ်စွပ်ထားရသည်။ ဒူးပြဲထားတော့ ခြေထောက်က ကွေး၍မရ၊ ကွေးမရသောခြေထောက်ကို ထင်းရှူးသေတ္တာပုံး ပေါ်တင်ထားရတော့ ပုံစံမကျလှပေ။ မသက်မသာ ဖြစ်နေရှာသည်။

ဘကြီးသာဖြိုး၏ ခြေရင်းဘက်က သံသေတ္တာပေါ်တွင်ကား အဘက ငုတ်တုတ်ကလေး ထိုင်နေရသည်။ ညဉ့်နက်လာပြီမို့ အိပ်ချင်ပြီး မျက်လုံးတွေ စင်းနေသည်။

"အဘရေ..."

စာမျက်နှာ ၂၅ သို့ ⇒

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ၄၂၅ ဧကစိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၁၃၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို အသိပညာတွေပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇွန် ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်လုံးကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

**á စာမျက်နှာ ၂၄ မှအဆက်**

ဘကြီးသာဖြိုးက ခေါ်သည်။

"မနက်ဖြန်ကျရင် မင်းငါးကန်လေး ဝယ်လို့ရပြီကွ သိလား၊ အဘိုးဝယ်ပေးမယ်"

"ဟင် သကယ်"

ငါးကန်အသံကြားတော့ အဘ၏မျက်စိကျယ်လာသည်။ သူ့အဘိုးကို မယုံမရဲ လှမ်းကြည့်သည်။

"တကယ်ပေါ့ကွာ၊ အဘိုးရေလျှံရင် ဝယ်ပေးမယ်လို့ ပြောထားတယ်မဟုတ်လား။ အခု အဘိုးရေလျှံနေပြီလေ"

အဘိုးရေလျှံနေပြီတဲ့။ ဘယ်လိုဖြစ်ပြီး လျှံသွားတာလဲ၊ အဘတွေး၍မရ။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် လက်ကြီးကို အဝတ်နှင့် သိုင်းထားရသော အဘိုးသည် အရက်စော်၊ ချွေးစော်တွေလည်း နံနေသေးသည်။ ရေလျှံသူနှင့် မတူသည်ကတော့ အမှန်ပင်။

"ငါတို့အိမ်မှာ ရေလျှံနေတာတော့ အမှန်ပဲ အဘရေ"

ကိုကျောက်ဒိုးက ခပ်ရွှင်ရွှင် ဝင်ပြောသည်။ သူက သူ့မိန်းမဆီမှ သတင်းစုံရထားပြီးပြီမို့ စိတ်ချမ်းသာနေသည်။ ရေနှစ်မျိုးစလုံး တစ်ချိန်တည်း လျှံသည်ကို ရည်ရွယ်ပြီး ပြောခြင်းဖြစ်သော်လည်း ဘာမျှမသိသော အဘက တဖြည်းဖြည်းစိမ့်ဝင်လာသော ရေများကို ငုံ့ကြည့်နေသည်။

"အဘိုးက ရေစန်နေပီရား"

"လျှံပါတယ်ဆိုမှ အဘရာ မင်းက မယုံဘူးလား"

အဘက သူ့အဘိုးကို အကဲခတ်နေသည်။ သိပ်မယုံလှသည်ကတော့ အမှန်ပင်။

"ရေလျှံရတာ မလွယ်ဘူးအဘရေ၊ ခေါင်းကလဲကွဲ၊ လက်ကလဲကျိုး၊ ဒူးကလဲပြဲ၊ ခါးကလဲ အောင့်၊ ကျောလဲ နာ"

ဘကြီးသာဖြိုးက ခိုညည်းသလို ညည်းနေသည်။ အဘခမျာ ထိုစကားတွေကို နားမလည်ရှာ။ ဉာဏ်ထက်သော ကလေးဖြစ်သော်လည်း ခေါင်းကွဲ၊ ဒူးပြဲတာနှင့် ရေလျှံတာ ဘယ်လိုအဆက်အစပ်ရှိသနည်း၊ စဉ်းစား၍ မရပေ။

"ဒီလောက်ရေလျှံနေတဲ့အိမ်ထဲမှာ ကျောက်ပတ်တီးကြီး ရေစိုပြန်ရင် ခက်အုံးမယ်။ တပိုတပါးသွားချင် ပြန်တော့လည်း ဒူးပြဲကြီးက နာဦးမယ်။ အခုလည်း ညောင်းလှပြီ။ ဒီလိုချည်းပဲ ထိုင်နေရတော့မှာလားမသိ။ ရေလျှံရတဲ့ဒုက္ခက မသေးဘူးဟဲ့"

မိုးက မသည်းတော့သော်လည်း စဲတော့မစဲသေးဘဲ တစိမ့်စိမ့်ရွာနေသည်။ ဘကြီးသာဖြိုးကလည်း မသက်မသာကြီးထိုင်ရင်း တဖျစ်တောက်တောက် ညည်းနေရှာသည်။ သူညည်းနေသည့်အသံက အားလုံးကို ချော့သိပ်သလို ဖြစ်နေသည်။

သံသေတ္တာပေါ်တွင် ခွေခွေခေါက်ခေါက်ကလေး အိပ်ပျော်သွားသော အဘက အိပ်မက်များပင် မက်နေသည်။ အိပ်မက်ထဲတွင် ငါးကန်လေးတစ်ခုကို သူပိုင်ဆိုင်ထားပြီး ဖြစ်နေသည်။ အမြီးဖွားဖွားနှင့် ရွှေရောင်၊ ငွေရောင်ငါးလေးများက ရေကြည်ကြည်သန့်သန့်လေးထဲတွင် လှည့်ပတ်ပြီး ကူးခပ်နေကြသည်။

ဘကြီးသာဖြိုးကတော့ အိပ်မပျော်နိုင်သေးပေ။ ခန္ဓာကိုယ်တစ်ခုလုံးကိုင်ရိုက်ထားသလို နာကျင်ပြီး ကိုက်ခဲနေသည်။ ဟိုဘက်လှည့်မရ၊ ဒီဘက် လှည့်မရနှင့် မသက်မသာလည်း ဖြစ်နေရှာသည်။ ကြမ်းပြင်ပေါ်သို့ တစိမ့်စိမ့်လျှံတက်လာသော ရေများကို ငေးကြည့်ရင်း မေတ္တာသုတ်ကို ရွတ်ရန် ကြိုးစားသည်။

"ယဿာနုဘာဝတောယက္ခာ… နေဝဒဿန္တိဘီသနံ… ကျွတ်… ကျွတ်… နာလိုက်တာ။ ယမှိစေဝါ နုယုဥ္စန္တော… ရေလျှံတော့သာ လျှံတယ်ပြော ဟင်းဟင်း ခံရတာမသက်သာဘူးဟဲ့။ ရတ္တိန္ဒိဝ မတန္ဒိတော ချမ်းသာကြပါစေ၊ ငါ့လို မခံကြရပါစေနဲ့။ အာ အရေးထဲ အပေါ့သွားချင်လာပြန်ပြီ၊ ဘယ်လိုလုပ်ရပ့ါ။ သမီးရေ သမီး ဟဲ့ မနိုးဘူးလား၊ မောင်ကျောက်ဒိုးရေ"

## စာဖတ်သူသာ အောင်မြင်ရာ

– စာပေကို မဖတ်တော့
ရပ်ထားတဲ့ ယာဉ်နှယ်၊
လိုချင်ရာ လှမ်း မ ရောက်
လမ်းပျောက်ချာလည်၊
လမ်းမှန် မှား မသိဖွယ်
မပြည့်ကြွယ်တဲ့ ဉာဏ်အတွေး၊
ရည်ရွယ်ရာ လမ်းခရီးလည်း
အလှမ်းကြီးကွာဝေး။

– စာပေကို ဖတ်ပေးတော့
မပြတ်ပြေးတဲ့ ယာဉ်နှယ်၊
လိုချင်ရာ လမ်းခရီးကို
မှန်းပြီးနှင်တယ်၊
လမ်းမှန် မှား အသိကြွယ်
အရှိရယ် ဆင်ခြင်ကြည့်၊
ရည်ရွယ်ရာ ထောက်ဆတိုင်း
ရောက်ရပါဘိ။

– တို့တစ်တွေ ဉာဏ်အရှိန်နဲ့
အမှန်သိဖို့ အတွက်ဆို၊
စာပေကို မပြတ်ရအောင်
ဖတ်ကြဖို့လို၊
ခရီးလမ်း အထိုထို
မှန်းဆိုတိုင်း အမြန်ရောက်၊
စာပေကို ဆောင်မြန်းပါတော့
အိုကွယ်..
အောင်နန်းထိပေါက်။ ။

**လွမ်းလေးကို(သရက်)**

# မင်းဘူးမြို့နယ် ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၆ ရက်က တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၉ ဒသမ ၅ သိန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ရန်ပုံငွေကျပ် ၄၃၉ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

# ခဏတာ သင်ယူစရာ

**ဆူးသစ်**

**❖ ဒီလူငယ်လေးက အခြားလူတွေလိုမဟုတ်ဘူး။ သူပျင်းလို့ ခဏလာထိုင်ချင်ထိုင်မယ်။ သူစာကြည့်ရမဲ့အချိန်မှာတော့ စာပဲကြည့်နေခဲ့တယ်။ သူ့မိဘတွေက အေးတယ်။ ငွေကိုလဲ စုကြတယ်ထင်ပါရဲ့။ ပြီးတော့ သူတို့အလုပ်ထဲမှာ သူတို့သားကိုပြန်ခိုင်းဖို့ အစီအစဉ်မရှိကြပါဘူး။ ပြီးတော့ ဒီလူငယ်လေးရဲ့ခံယူချက်။ ဒါအရေးအကြီးဆုံးပါပဲ။ သူ့ကိုဘယ်အချိန်မေးမေး သူတို့အမျိုးထဲမှာရှိတဲ့ စစ်ဗိုလ်လိုဖြစ်ချင်တယ်လို့ အမြဲပြောတယ်။ ဒါကို ပတ်ဝန်းကျင်ကလဲ သိတယ်။ ဒီလိုနဲ့ ဆယ်တန်းကို တစ်နှစ်တည်းပြီးတယ်။ ဗိုလ်ရွေးခံဖို့ သင်တန်းတွေတက်တယ်။ ခုတော့ တပ်မတော်နည်းပညာတက္ကသိုလ်ဝင်ခွင့်ရသွားပါပြီ။ ဘယ်လောက်တော်လိုက်တဲ့ ကလေးလဲ။ သူ့မိဘသားစုလဲ တော်တာပါပဲ။ ❖**

ပြီးခဲ့တဲ့လတစ်လရဲ့ တစ်ရက်မှာ ညနေဘက် ကျွန်တော်မြို့ထဲက အိမ်အပြန်ကားပေါ်မှာ ရပ်ကွက်ထဲက လူငယ်တစ်ယောက်ရဲ့ ဖခင်နဲ့ဆုံပါတယ်။ ကျွန်တော်နဲ့ရော ညီလေးနဲ့ပါခင်တဲ့ ချာတိတ်တစ်ယောက်ရဲ့ ဖခင်ပါ။

တကယ်တော့ သူနဲ့သိပ်မရင်းနှီးပါဘူး။ တစ်ရပ်ကွက်တည်းကမို့ သိနေပြီး မျက်မှန်းတန်းမိတာမျိုးပါ။ ဒါပေမဲ့ ကားပေါ်မှာတွေ့တော့ ကျွန်တော့်မှာပါလာတဲ့ချိုင့်ကို နေရာရနေတဲ့သူကယူပေးရင်း ကားပေါ်ကအဆင်းမှာ စကားပြောဖြစ်ခဲ့ပါတယ်။ အဓိကကတော့ သူ့သားအကြောင်းပေါ့။

သူ့သားဟာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်စလုံးနဲ့ရင်းနှီးပါတယ်။ လူချောလူသန့်လေးပါပဲ။ ခင်ဖို့လဲကောင်းပါတယ်။ ကျွန်တော်ဂီတာတီးရင် သူနားထောင်ချင်တဲ့ သီချင်းတွေ လာတီးခိုင်းတတ်ပါတယ်။ တစ်ခုပါပဲ။ ဒီကောင်ကလေးဟာ ဆယ်တန်းကို ဒီနှစ်ဒုတိယအကြိမ်ဖြေမှာ ဖြစ်နေတာပါ။

ကျွန်တော်နဲ့မရင်းနှီးတဲ့ သူ့အဖေဟာ သူ့သားအကြောင်းပြောရာမှာတော့ တော်တော်ပွင့်ပွင့်လင်းလင်းပြောရှာပါတယ်။ သူပြောတာတွေ နားထောင်ရင်းနဲ့ ကျွန်တော်လေ့လာမိတာက သားသမီးတစ်ယောက်အပေါ်ထားရှိတဲ့ မိဘရဲ့သဘောထားပါ။ နောက်ပြီး ခေတ်လူငယ်တွေရဲ့ အတွေးအခေါ်တချို့ပါ။ ပြီးတော့ ပတ်ဝန်းကျင်ပါ။ နောက်ဆုံးတစ်ချက်ကတော့ လူငယ်တွေရဲ့ ကိုယ်ပိုင်ခံယူချက်ပါ။

ပထမဆုံး မိဘတစ်ယောက်ရဲ့ ခံယူချက်သဘောထားဆိုတာကို ပြောပြပါမယ်။ သူဟာ သူ့သားကို ဆယ်တန်းသိပ်အောင်စေချင်ပါတယ်။

အဲဒီ ဆယ်တန်းမအောင်သေးတဲ့သားရဲ့အထက်က ဆရာဝန်ဖြစ်တော့မဲ့ ဆေးကျောင်းသား၊ သူတို့သားကြီးရှိနေလေတော့ သူ့ရဲ့ခံစားချက်က သားအငယ်ကို ဆယ်တန်းပိုအောင်စေချင်တာ သဘာဝကျပါတယ်။

သူပြောတာက သူ့သားကို ဆယ်တန်းအောင်စေချင်ပေမဲ့ အခုသူ့သားတွဲနေတဲ့ သူငယ်ချင်းတွေရယ်၊ သူတို့ အစ်ကိုတို့ လောလောဆယ်နေရတဲ့ရပ်ကွက်ထဲက လူတွေရဲ့ ခံစားချက်ရယ်၊ ပြီးတော့ လူငယ်တွေရဲ့ ကိုယ်ပိုင်ခံယူချက်ရယ်ပါ။ ဒါတွေ အားလုံးကအပေါ်မှာ ကျွန်တော်ပြောခဲ့သလိုပါပဲ။ သူက သူ့သားနဲ့ ပတ်သက်ပြီးပြောနေပေမဲ့ ကျွန်တော်က သူ့အပြော၊ သူ့ခံစားချက်ပေါ်မှာ ပြန်ပြီးလေ့လာမိတာပါ။ သူ့ဘာသာပြောသွားတဲ့အချက်တွေဟာ သူ့သားနဲ့ ဆက်စပ်နေပေမဲ့ ဒီနေ့လူငယ်တွေအတွက်တော့ ကျွန်တော့်မှာ ဆွေးနွေးစရာတွေရှိလာလို့ ဒီဆောင်းပါးမှာ ပြောပြရတာပါ။

မိဘတစ်ယောက်က သားသမီး ဆယ်တန်းရောက်တဲ့အခါ ဘယ်မိဘမေးမေး အောင်စေချင်တာပါပဲ။ ဒါပေမဲ့ သူတို့သားက လမ်းများတာ၊ အပေါင်းအသင်းမများပေမဲ့ နည်းနည်းလေးကပဲ သူ့သားအတွက် ကံမကောင်းစေတာလား မပြောတတ်ပါဘူး။ ကျွန်တော်သိသလောက် သူ့သားဟာ ဂိမ်းဆိုင်တွေကို ခဏခဏသွားတတ်ပါတယ်။ ရုပ်အခံလေးရှိတော့ ရည်းစားလဲ ထားချင်ပါတယ်။ စာကြည့်ဖို့ထက် ရုပ်ရှင်ကြည့်ဖို့ကို ပိုစိတ်ဝင်စားပါတယ်။

ဒီမှာပဲ ဆယ်တန်းပထမနှစ်ကျပါတယ်။ ဒုတိယနှစ်မှာလဲ အခုမြင်နေရတဲ့အချိန်ထိ သိပ်ပြီးထူးထူးခြားခြားမပြောင်းလဲပါဘူး။ ကျွန်တော်ဂီတာတီးရင်တောင် သူက သီချင်းလာတောင်းတတ်လို့ "မင်း စာမကျက်ဘူးလား"မေးယူရပါတယ်။ ဒီချာတိတ်ကတော့ ပြုံးပြုံးပြုံးပြုံးနဲ့ အေးအေးဆေးဆေးပါ။

ခုန ကျွန်တော့်ရဲ့ခရီးဖော်မိတ်ဆွေက လမ်းလျှောက်ရင်း ဆက်ပြောပါတယ်။ သူ့သားကို ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ သူ့သားရဲ့ သူငယ်ချင်းတွေကိုအံ့ဩတယ်ဆိုတာပါ။ ဒီနေရာမှာ သူ့ပြောပြချက်အရ ကျွန်တော်လဲ ဒီချာတိတ်ရဲ့ သူငယ်ချင်းတချို့အပေါ် အံ့ဩမိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ဆယ်တန်းအောင်ချင်တဲ့ ရည်ရွယ်ချက်က အံ့ဩစရာမို့ပါ။ သူတို့ထဲကတချို့က ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်ရင် ပထမဆုံး Day လို့ပြောတဲ့ နေ့ကျောင်းကို တက်ကြည့်မယ်တဲ့။ ပျင်းလာရင် Distance လို့ ခေါ်တဲ့ အဝေးသင် တက်မယ်တဲ့။ ခုနချာတိတ်ရဲ့အဖေက ဘာဖြစ်လို့လဲ မေးတော့ တက္ကသိုလ်တစ်ခုကို အကြာကြီးတက်ရင် ပျင်းဖို့ကောင်းပြီး ဟိုပြောင်းဒီပြောင်းတက်မှ တက္ကသိုလ်တွေရဲ့ အရသာကို သိမှာတဲ့။ ကောင်းရောပေါ့။

ကျွန်တော်တော့ ဒီလိုလူငယ်တွေ ဆယ်တန်းချက်ချင်းမအောင်သေးတာ တော်ပါသေးလားလို့ တိုးတိုးတိတ်တိတ် တွေးမိတယ်။ သူတို့မိဘတွေက အဲဒီလူငယ်တွေ ကျောင်းဆက်တက်ဖို့ ငွေစုချိန်၊ ငွေရှာချိန်ရသေးလို့လေ။ ကျွန်တော့်ခရီးဖော်မိတ်ဆွေက သူ့သား အဲဒီလူငယ်တွေနဲ့တွဲနေလို့ စိုးရိမ်တာမလွန်လှပါဘူး။ မိဘရဲ့ခံစားချက်ရယ်၊ ခေတ်လူငယ်တချို့ရဲ့အတွေးအခေါ်ရယ် လွန်ဆွဲကြပြီလို့တော့ ကျွန်တော်တွေးမိတယ်။

ကျွန်တော့်ခရီးဖော်မိတ်ဆွေ ပြောသွားတဲ့ နောက်တစ်ချက်က ပတ်ဝန်းကျင်ပါ။ ကျွန်တော်တို့နေရတဲ့နေရာက လုပ်ငန်းတူမိသားစုတွေ တစ်နေရာတည်းမှာ စုပြီးနေရတဲ့ ရပ်ကွက်စစ်စစ် မဟုတ်တဲ့ ဝင်းတစ်ခုတည်းမှာရှိတဲ့ ပတ်ဝန်းကျင်ပါ။

ဒီအဝန်းအဝိုင်းမှာနေတဲ့သူတွေရဲ့ ခံယူချက်က မိဘတွေဟာ အဲဒီအလုပ်မှာလုပ်ရင် နေစရာအိမ်ခန်းရတယ်။ အချိန်တန်လို့ အောက်ခြေသိမ်း အလုပ်ကြမ်းပါ လုပ်နိုင်ရင် အိမ်ခန်းတစ်ခန်းရမယ်။ ဒီတော့ ပညာတတ်စရာမလိုလှပါဘူးလို့ထင်တယ်။ ပညာရေးကိုလဲ အဲဒီလောက် အားမပေးဘူး။ ကလေးတွေကလဲ စာမေးပွဲအောင်ဖို့ထက် ဒီအလုပ် ဒီဝန်းကျင်မှာ ကျင်လည်ရတာကို ပိုကြိုက်နေတယ်။

ဒါကိုသိတဲ့ မိတ်ဆွေက သူ့ဆီမှာ အဲဒီခံယူချက်မရှိပေမဲ့ ဒီဝင်းထဲက အဲဒီလိုခံယူချက်ရှိတဲ့ မိဘတွေရဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းနေတဲ့ သားသမီးတွေဆီက အကျင့်နဲ့ခံယူချက်တွေ သူတို့သားဆီကို ကူးလာမလားလို့ စိုးရိမ်မိတယ်တဲ့။

သူမလွန်ပါဘူး။ ကျွန်တော်ကိုယ်တိုင်တောင် ဒီနေရာရောက်ကတည်းက အဲဒီအချက်ကို သတိထားမိခဲ့တာလေ။ သူတို့ရဲ့ နေစရာနေရာအတွက် သူတို့ကလဲ ဒါကိုဘယ်တော့မှ ပြင်မှာမဟုတ်တာလဲ နားလည်နေမိပါတယ်။ ရန်ကုန်လို မြို့ကြီးတစ်မြို့မှာ နေရာ တစ်နေရာအတွက် ခက်ခဲလို့ ဒီလိုခံယူချက်တွေနဲ့ရှင်သန်ရတာ ကိုယ်ချင်းစာမိပေမဲ့ ပညာသိပ်မတတ်လဲ အချိန်တန်ရင် အလုပ်ရယ်၊ နေစရာရယ်ရမှာပဲဆိုတဲ့ ခံယူချက်မျိုးကိုတော့တွေးကြောက်မိတယ်။

ခုန မိတ်ဆွေရဲ့သားနဲ့ အဲဒီမိတ်ဆွေမိသားစုမှာတော့ ဒီခံယူချက်တွေ ရှိမနေကြပါဘူး။ ဒါကြောင့်လဲ သူတို့သားကို စိုးရိမ်တာပါ။

အဲဒီမှာ နောက်ဆုံးသူပြောခဲ့တာလေးက အဲဒီခံယူချက်တွေနဲ့ အစဉ်အလာကို ဖောက်ထွက်သွားတဲ့ လူငယ်တစ်ယောက်အကြောင်းပါ။

အဲဒီလူငယ်လေးက ဆယ်တန်းအောင်ပြီးသား။ ကျွန်တော်ရောညီလေးနဲ့ပါခင်တယ်။ ကျွန်တော် ဂီတာတီးရင် သီချင်းလိုက်ဆိုတဲ့အထဲမှာ သူလဲပါတာပေါ့။

ဒါပေမဲ့ ဒီလူငယ်လေးက အခြားလူတွေလို မဟုတ်ဘူး။ သူပျင်းလို့ ခဏလာထိုင်ချင်ထိုင်မယ်။ သူစာကြည့်ရမဲ့အချိန်မှာတော့ စာပဲကြည့်နေခဲ့တယ်။ သူ့မိဘတွေက အေးတယ်။ ငွေကိုလဲ စုကြတယ်ထင်ပါရဲ့။ ပြီးတော့ သူတို့အလုပ်ထဲမှာ သူတို့သားကိုပြန်ခိုင်းဖို့ အစီအစဉ်မရှိကြပါဘူး။

ပြီးတော့ ဒီလူငယ်လေးရဲ့ ခံယူချက်။ ဒါအရေးအကြီးဆုံးပါပဲ။ သူ့ကိုဘယ်အချိန်မေးမေး သူတို့အမျိုးထဲမှာရှိတဲ့ စစ်ဗိုလ်လိုဖြစ်ချင်တယ်လို့ အမြဲပြောတယ်။ ဒါကို ပတ်ဝန်းကျင်ကလဲသိတယ်။ ဒီလိုနဲ့ ဆယ်တန်းကို တစ်နှစ်တည်းပြီးတယ်။ ဗိုလ်ရွေးခံဖို့ သင်တန်းတွေတက်တယ်။ ခုတော့ တပ်မတော်နည်းပညာတက္ကသိုလ်ဝင်ခွင့်ရသွားပါပြီ။ ဘယ်လောက်တော်လိုက်တဲ့ ကလေးလဲ။ သူ့မိဘသားစုလဲ တော်တာပါပဲ။ နေစရာဆိုတဲ့ အားနည်းချက်နောက်ကို မလိုက်ဘဲ ပညာတတ်လူတန်းစားအဖြစ် သူတို့သားကို လမ်းဖွင့်ပေးခဲ့တာလေ။ ပြီးတော့ ဒီလူငယ်ရဲ့ ခိုင်ခိုင်မာမာပြဋ္ဌာန်းထားတဲ့ စိတ်ဟာလဲ ချီးကျူးစရာပါ။ ဒီလောက် အတွေးအခေါ်လမ်းလွဲနေတဲ့ ပတ်ဝန်းကျင်နဲ့ သူငယ်ချင်းတွေကြား သူဖြစ်ချင်တဲ့ အကောင်းဆုံးအနေအထားကို ရအောင်ယူသွားတာ အံ့ဩစရာ ချီးကျူးစရာပါ။

ကျွန်တော့်မိတ်ဆွေကတော့ သူ့သားအကြောင်းနဲ့ နှိုင်းယှဉ်ပြရင်း အိမ်ပြန်သွားခဲ့တယ်။ ကျွန်တော်ကတော့ တွေးစရာတွေ ကျန်ခဲ့လို့ပေါ့။

ပတ်ဝန်းကျင်တွေက ကျွန်တော်တို့ကို လွှမ်းမိုးတတ်ပါတယ်။ သူငယ်ချင်းတွေက အကောင်းအဆိုးဖြစ်တတ်ပါတယ်။ အဓိကကတော့ ကိုယ်ပိုင်ခံယူချက်ပါကွာ။ ပြင်းပြင်းထန်ထန်ရလိုရင်တော့ ရကြစမြဲပါ။ လွဲနေတဲ့ အယူအဆတွေတော့ ပြင်ကြအုံးစို့။ ကျွန်တော်တို့ရဲ့မိဘမှာ တူညီတဲ့ ခံစားချက်တွေရှိနေတာတော့ မမေ့ကြစေချင်ဘူး။ မိဘတွေက သားသမီးတိုင်းကို ထိပ်ဆုံးမှာ ရောက်နေစေချင်ကြပါတယ်လို့။

ကျွန်တော်က ညနေခင်းတစ်ခင်းမှာ မိတ်ဆွေတစ်ယောက်တည်းနဲ့ ခရီးကြုံခဲ့တာပါ။ ဒါပေမဲ့ တွေးစရာတွေ၊ ပြောစရာတွေ အများကြီးရခဲ့ပါတယ်။ အဓိကကတော့ လူငယ်တွေအတွက်ပေါ့။

ဘဝဆိုတာ ခဏလေးကြုံရပေမဲ့ သင်ယူစရာတွေများတယ်ဆိုတာတော့ ဒီညနေခင်းကနေ တစ်ဆင့် ယုံလိုက်မိတာပါပဲ။ လူငယ်တွေလဲ အဲဒီလို ခဏကြုံရတဲ့ဘဝထဲမှာ သင်ယူစရာတွေရှိတာ မမေ့ဖို့ ကျွန်တော်လက်တို့လိုက်ပါတယ်။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပွင့်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံဧက ၁၃၄၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲမျိုးစုံ ၉၅၂၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးပြီးတဲ့ပဲမျိုးစုံတွေကတော့ ပဲတီစိမ်း ၆၇၇၅ ဧက၊ ပဲစင်းငုံ ၆၅၉၉ ဧက၊ အခြားပဲ ၄၆ ဧကတွေဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံတွေ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပဲမျိုးစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ယောင်ဦး)**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**စေတုတ္တရာ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ပုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အောက်ပုံကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

အောက်ပုံကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် သိန်း ၁၂၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမှုကြောင့် အောက်ပုံကျေးရွာရှိ အိမ်ခြေ ၁၆၀ မှ လူဦးရေ ၆၁၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များအတွက် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလက ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ညှော်မထဆန် အိတ်ရေ ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ မေလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော်မထဆန်က အရောင်းအဝယ်ပိုကောင်းနေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ညှော်မထဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်မာနိုင်ငံသားများဘဏ် (Citizens Pay) နှင့် ပူးပေါင်း၍ ကန်ပြောင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုး ပြန်လည် ပေးဆပ်ခြင်းများကို Manual Cash – based စနစ်ဖြင့် ထုတ်ချေးခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြု၍ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံသားများဘဏ်(Citizens Pay)မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက Citizen Pay ဖြင့် Digital နည်းပညာကိုအသုံးပြု၍ Mobile Phone မှတစ်ဆင့် ကန်ပြောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အိပိုးပိုး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဘားအံမြို့နယ် ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဇွန် ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့တရုတ်ရကျေးရွာအုပ်စု ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခလောက်နိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သိန်း ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် သိန်း ၂၁၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သိန်း ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သိန်း ၄၀၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆက်လှ**

ခရီးသွားဆောင်းပါး

# လှပမှုအစုစု နံ့သာပု မြန်မာနိုင်ငံအစွန်း ဂေါ်ရန်ဂျီကျွန်း

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး ဂေါ်ရန်ဂျီကျွန်းခရီးစဉ်မှာ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ကို ရောက်ရှိနေကြပါပြီ။ ဂေါ်ရန်ဂျီကျွန်းရှိရာကို ငရုတ်ကောင်းမြို့ကနေ နောက်ထပ်သုံးမိုင်ခရီး ဆက်မောင်းနှင်ရပါအုံးမယ်။ အရင်တစ်ခေါက်လာခဲ့တုန်းက ဒီသုံးမိုင်ဆိုတဲ့ခရီးအကွာအဝေးကို ခက်ခက်ခဲခဲကြမ်းကြမ်းတမ်းတမ်းမောင်းခဲ့ရတဲ့အပြင် အလွန်အန္တရာယ်များတဲ့ သစ်သားတံတားရှည်ကြီးတစ်ခုကိုလဲ ဖြတ်သန်းခဲ့ရတယ်။ တံတားကြီးက ဟောင်းနေပြီဖြစ်တာကြောင့် ဖြည်းဖြည်းနဲ့ ဂရုစိုက်မောင်းခဲ့ရတယ်။ အဲဒီအချိန်တုန်းက လမ်းတစ်လျှောက်လုံးမှာ ကျောက်ခင်းလမ်းကြမ်းကြီးတွေ၊ သဲတွေ၊ နွံတွေ၊ ချောင်းတွေနဲ့ ပြည့်နှက်နေတယ်။

အခုတစ်ခေါက်လာတဲ့အခါ ငရုတ်ကောင်းမြို့ကနေ စထွက်ကတည်းက ကတ္တရာခင်းလမ်းကောင်းဖြစ်နေတာကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ ဒီလမ်းက ဘယ်အတိုင်းအတာ၊ ဘယ်လောက်အကွာအဝေးထိ ကောင်းနေပါ့မလဲ။ ဘယ်အချိန်ဘယ်နေရာမှာ လမ်းဆိုးလမ်းကြမ်းတွေကို ရင်ဆိုင်ကြုံတွေ့ရမလဲဆိုပြီး စိုးရိမ်စိတ်တထင့်ထင့်နဲ့ မောင်းနှင်လာခဲ့တာ မကြာခင်မှာ တံတားအသစ်ကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ ဒီတံတားသစ်ကြီးက အရင်သစ်သားတံတားဟောင်းကြီးနေရာမှာ အစားထိုးဝင်ရောက်လာတာပါ။ အခုတွေ့မြင်ရောက်ရှိလာတဲ့ တံတားသစ်ကြီးက ခေတ်မီသံကူကွန်ကရစ်ခင်းတံတားကြီးဖြစ်နေတာကြောင့် ငရုတ်ကောင်း-ဂေါ်ရန်ဂျီကျွန်းလမ်းပိုင်းက အဆင့်မြင့်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ပြင် လမ်းတစ်လျှောက်လုံးမှာ ချိုင့်တွေ၊ ကျင်းတွေ၊ တံတားကျိုး၊ တံတားပျက်တွေမရှိတော့လို့ အဆင်ပြေပြေ၊ စိတ်သက်သက်သာသာနဲ့ မောင်းနှင်နေရသလို ပင်လယ်နဲ့နီးကပ်လာတာကြောင့် ရွာငယ်လေးတွေကို မကြာခဏတွေ့မြင်လာရတယ်။ အုန်းပင်တန်းတွေ၊ ဥယျာဉ်ခြံတွေ၊ စိုက်ခင်းပျိုးခင်းတွေနဲ့ သာသာယာယာလဲဖြစ်လာတယ်။

ကားကို ဂရုစိုက်မောင်းနေရင်းနဲ့ ပင်လယ်ပြင်ကြီးကို မြင်တွေ့ရမလားဆိုပြီး မှန်းမျှော်ကြည့်နေမိပေမဲ့ ပင်လယ်ပြင်ကြီးကို မတွေ့မမြင်ရသေးဘဲ ကြွေချိုင်ဆိုတဲ့ရွာကို ဝင်ရောက်လာတယ်။ ကြွေချိုင်ရွာက ဟိုတယ်တွေ၊ မိုတယ်တွေ၊ တည်းခိုခန်းတွေနဲ့ ပြည့်ပြည့်စုံစုံဖြစ်နေပါပြီ။ ဒါပေမဲ့ အမြဲတမ်းစည်စည်ကားကားဖြစ်မနေသေးဘဲ ပွင့်လင်းရာသီ ဧည့်သည်များချိန်တွေမှာသာ စည်ကားလှုပ်ရှားနေပြီး ကျန်တဲ့အချိန်ကာလတွေမှာ တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ အရင်တစ်ခေါက်လာခဲ့တုန်းက ကြွေချိုင်ရွာက ဟိုတယ်တစ်ခုမှာတည်းခိုရင်း ဂေါ်ရန်ဂျီကျွန်းရှိရာကို နားနေစားသောက်ပြီးမှဆက်လက်ထွက်ခွာလာခဲ့ကြရတယ်။ အခုခရီးစဉ်မှာတော့ ကြွေချိုင်ရွာမှာ မတည်းတော့ဘဲ ဂေါ်ရန်ဂျီကျွန်းကို တိုက်ရိုက်မောင်းနှင်လာလိုက်တယ်။ ဒီလိုမောင်းနှင်လို့ရအောင်လဲ ခရီးလမ်းက ကောင်းမွန်ချောမွေ့နေပါပြီ။

ကြွေချိုင်ရွာက ထွက်လာကတည်းက လမ်းအခြေအနေက အတက်အဆင်းတွေမရှိတော့ဘဲ မြေမျက်နှာသွင်ပြင် ညီညာနေတယ်။ မကြာခင်မှာ နံ့သာပုရွာကို ရောက်လာခဲ့ကြတယ်။ နံ့သာပုရွာက ဂေါ်ရန်ဂျီကျွန်းဧရိယာအတွင်းမှာ ပါဝင်နေတယ်။ ဒါကြောင့်လဲ ရွာအဝင်ဆိုင်းဘုတ်မှာ နံ့သာပုကျေးရွာအုပ်စု ဂေါ်ရန်ဂျီကျွန်းလို့ ရေးသားထားတာကို တွေ့မြင်နေရတယ်။ နံ့သာပုရွာက ပင်လယ်ကမ်းခြေမှာတည်ရှိနေတယ်။ မိမိတို့နံ့သာပုရွာကိုရောက်တော့မှ ပင်လယ်ပြင်ကြီးနဲ့ ပင်လယ်ရေတွေကို မြင်တွေ့ကြရတော့တာပါ။ ပင်လယ်ကမ်းခြေတစ်လျှောက်မှာ စားသောက်ဆိုင်တန်းတွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တန်းတွေ ရှိနေကြတယ်။ ဒါပေမဲ့ ဆိုင်အများစုက ပိတ်ထားကြပြီး တစ်ဆိုင်၊ နှစ်ဆိုင်လောက်သာဖွင့်လှစ်ရောင်းချနေကြတယ်။ ဒီနေရာကို ဒေသခံတွေက နံ့သာပုစခန်းလို့ခေါ်ဆိုကြတာပါ။ နံ့သာပုစခန်းရဲ့ထူးခြားချက်က ဆိုင်တန်းတွေရဲ့အနီးမှာ မြဝတီစေတီတော်တည်ရှိနေတဲ့ တောင်ကြီးတစ်တောင်ရှိပြီး ပေ ၅၀၀ လောက်တော့မြင့်တယ်။ တောင်ရဲ့ပုံသဏ္ဌာန်က ရှည်ရှည်လျားလျားသွယ်တန်းပြီး နံ့သာပုစခန်းအနီးမှာ ရပ်တန့်သွားတယ်။ ဒီတောင်ရဲ့အပေါ်ထိပ်ပိုင်းမှာ မြဝတီစေတီတော်ကို တည်ထားတာပါ။



မြန်မာနိုင်ငံအစွန်းရှိ ဂေါ်ရန်ဂျီကျွန်းကို တွေ့ရစဉ်။

မိမိတို့ရဲ့ခရီးအစီအစဉ်က ဂေါ်ရန်ဂျီကျွန်းကို ရောက်ရောက်ချင်း လေ့လာလည်ပတ်ခြင်းမပြုကြသေးဘဲ နေ့လယ်စာထမင်းစားသောက်ကြဖို့ပါ။ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။ ဒါကြောင့် နီးစပ်တဲ့စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာထမင်းစားဖို့ပြင်ဆင်ကြတယ်။ ပြင်ဆင်တယ်ဆိုတာက မိမိတို့မှာ ကနကမာရွာကနေ ချက်ပြုတ်ထုပ်ပိုးပေးလိုက်တဲ့ ထမင်းဟင်းတွေပါလာတယ်။ ဒါကြောင့် ပါလာတဲ့ ထမင်းဟင်းတွေကိုလဲစားမယ်၊ လိုအပ်တာတွေကိုလဲ ဆိုင်ကနေဝယ်စားမယ်ဆိုပြီး ဆိုင်ရှင်နဲ့ ညှိနှိုင်းရတယ်။ ဆိုင်ရှင်တွေကလဲ သဘောကောင်း၊ သဘောတူတာနဲ့ ပင်လယ်စာဟင်းရည်တစ်ပွဲ၊ ခေါက်ဆွဲပြုတ်တစ်ပွဲနဲ့ ထမင်းစားလိုက်ကြတယ်။ ခရီးထွက်ခွာလာတာ လေးညအိပ် ငါးရက်ရှိနေပြီး ပင်လယ်ကမ်းခြေတွေမှာ ပင်လယ်စာဟင်းအမျိုးမျိုးကို စားသောက်လာခဲ့ကြတာလဲ အလွန်များပြားနေပါပြီ။ ဒီအထဲမှာ ဂေါ်ရန်ဂျီကျွန်းက ပင်လယ်စာဟင်းရည်က ထူးထူးခြားခြားနဲ့ ကောင်းမွန်နေတယ်။

ဒီလိုထမင်းစားသောက်နေကြတုန်း ဆိုင်ရှင်တွေကို ညအိပ်နားနေဖို့အတွက် ဟိုတယ်စီစဉ်ခိုင်းရတယ်။ ဂေါ်ရန်ဂျီကျွန်းမှာ ဟိုတယ်၊ မိုတယ်တွေများပြားပြီး ဧည့်သည်အဝင်နည်းတာကြောင့် အခက်အခဲမရှိ လွယ်လွယ်ကူကူရနိုင်ပါတယ်။ ဒါပေမဲ့ ဒေသခံတွေကို အကူအညီတောင်းပြီး သူတို့အချင်းချင်းချိတ်ဆက်လုပ်ကိုင်ပေးတာက ပိုမိုအဆင်ပြေနိုင်တယ်ထင်လို့ လုပ်ခိုင်းခဲ့တာ ထင်မှတ်ထားတဲ့အတိုင်းအဆင်ပြေခဲ့ရတယ်။ ထမင်းစားသောက်ပြီးကြတာနဲ့ ဟိုတယ်ကနေလာရောက်ကြိုဆိုတဲ့ ဆိုင်ကယ်တစ်စီးရဲ့နောက်ကနေ လိုက်ပါမောင်းနှင်ခဲ့ပြီး တစ်ညတာအိပ်စက်အနားယူကြရမဲ့ ဟိုတယ်ရှိရာကိုရောက်ခဲ့ကြရတယ်။ ဟိုတယ်က လုံးချင်းဘန်ဂလိုလေးတွေပါ။

မိမိတို့ရဲ့ခရီးအစီအစဉ်က ဟိုတယ်မှာ တစ်ရေးတစ်မောအိပ်ပြီးမှ ဂေါ်ရန်ဂျီကျွန်းဝန်းကျင်ကို လေ့လာလည်ပတ်ကြဖို့ပါ။ ဒါကြောင့် ဟိုတယ်ရောက်တာနဲ့ အနားယူကြဖို့ ပြင်ဆင်ကြရတယ်။ အချိန်က မွန်းလွဲ ၁ နာရီသာရှိနေသေးတာကြောင့်လဲ ညနေ ၃ နာရီမှာ စတင်လေ့လာလည်ပတ်ကြဖို့အတွက် နားချိန်ကောင်းကောင်းရနေပါတယ်။ ဟိုတယ်က ပင်လယ်ကမ်းခြေမှာတည်ရှိနေတယ်။ ပင်လယ်ပြင်ကနေတိုက်ခတ်လာတဲ့ လေတဟူးဟူးကိုလဲ ရရှိခံစားနေကြရတယ်။ ဒါ့ပြင် ဟိုတယ်ဝင်းကြီးက ကျယ်ပြီး အနီးပတ်ဝန်းကျင်မှာ လူနေအိမ်ခြေတွေ၊ စားသောက်ဆိုင်တွေမရှိတာကြောင့် ဟိုတယ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ လူသံတွေ၊ အော်ဟစ်ဆူပူသံတွေနဲ့ အခြားအသံတွေကို မကြားရပေမဲ့ ပင်လယ်ပြင်ကနေတိုက်ခတ်လာတဲ့ သဘာဝလေသံတွေ၊ ပင်လယ်ရေလှိုင်းပုတ်သံတွေကိုတော့ ကြားနေရတယ်။ ဒီအသံတွေကြားမှာပဲ တစ်ရေးတစ်မောအိပ်ပျော်သွားခဲ့ကြတယ်။

စီစဉ်ထားတဲ့အတိုင်း ညနေ ၃ နာရီမှာ စတင်လေ့လာလည်ပတ်ကြတယ်။ ဒီလိုလေ့လာလည်ပတ်ကြဖို့အတွက် နံ့သာပုစခန်းနေရာကို ကားနဲ့သွားကြရတယ်။ စခန်းကိုရောက်တာနဲ့ နေ့လယ်စာထမင်းစားခဲ့ကြတဲ့ စားသောက်ဆိုင်မှာ ကားကိုရပ်နားခဲ့ပြီး ပင်လယ်ပြင်အတွင်းကို စက်လှေနဲ့လေ့လာလည်ပတ်ကြရမှာဖြစ်ပါတယ်။ ဒါ့ပြင် ဂေါ်ရန်ဂျီကျွန်းရဲ့ ထူးခြားချက်က ကမ်းနီးပင်လယ်တိမ်ဖြစ်နေတာကြောင့် စက်လှေတွေဆိုက်ကပ်ထားတဲ့နေရာကို ပေ ၂၀၀ ကျော် ၃၀၀ လောက်ထိ ပင်လယ်ရေတွေအတွင်းကနေ ဖြတ်သန်းပြီးလမ်းလျှောက်သွားကြရတယ်။ ပင်လယ်ရေစပ်ကနေ စတင်လမ်းလျှောက်ကြရတဲ့အခါ ရေတွေက ခြေဖဝါးအောက်မှာသာ ရှိနေသေးပေမဲ့ တဖြည်းဖြည်းနဲ့ ခြေမဖိုး၊ ခြေမျက်စိ၊ ခြေသလုံးအလယ်ထိ ရောက်လာကြတယ်။ ခြေသလုံးအလယ်လောက်ကိုရောက်တဲ့အခါ စက်လှေတွေရှိတဲ့နေရာကို ရောက်ခဲ့ကြပါပြီ။ ပင်လယ်အတွင်းကို ပေ ၂၀၀ ကျော် ၃၀၀ လောက်ထိ ဆင်းလာခဲ့ကြပေမဲ့ ရေက ခြေသလုံးအလယ်ထိသာ ရှိနေအောင် ရေတိမ်ပါတယ်။

နောက်တစ်ခုက ရေတွေအားလုံးနောက်ကျိခြင်းမရှိဘဲ သန့်စင်ကြည်လင်နေတယ်။ စက်လှေထိ လမ်းလျှောက်သွားကြတဲ့အခါ ပင်လယ်ရေအောက်ကြမ်းပြင်တွေကို မြင်တွေ့နေရတယ်။ ဒါပေမဲ့ ရေအောက်မှာ သဲတွေနဲ့ ခရုခွံတွေသာရှိနေကြပြီး တချို့နေရာတွေမှာ ငါးသားပေါက်ငယ်လေးတွေ အုပ်စုလိုက်ကူးခပ်နေကြတယ်။ ရေအောက်သဲပြင်တွေနဲ့ ကမ်းစပ်က သဲသောင်ပြင်တွေမှာ ဘူးခွံ၊ ပုလင်းခွံတွေ၊ ပလတ်စတစ်အမှိုက်တွေနဲ့ အုန်းလက်ခြောက်တွေကို မတွေ့မမြင်ရဘဲ နေရာတိုင်းမှာ ရှင်းလင်းသပ်ရပ်နေတယ်။

စက်လှေပေါ် လူစုံတာနဲ့ စက်လှေက ပင်လယ်ပြင်ကြီးအတွင်းကို စတင်ခုတ်မောင်းထွက်ခွာလာတယ်။ ဂေါ်ရန်ဂျီကျွန်းမှာရှိနေတဲ့ စက်လှေတွေက အမိုးတွေ၊ ထိုင်ခုံတွေနဲ့ အဆင်ပြေနေသလို လှလှပပ သပ်သပ်ရပ်ရပ်လဲဖြစ်နေတယ်။ အခုပင်လယ်ပြင်ကြီးအတွင်းကို စက်လှေနဲ့ထွက်ခွာလာကြတဲ့ခရီးစဉ်က ဂေါ်ရန်ဂျီကျွန်းမှာ နာမည်ကျော်ကြားပြီး ဒီကျွန်းကိုရောက်လာကြတဲ့ ခရီးသွားဧည့်သည်တွေ မသွားမဖြစ်သွားရောက်လေ့လာလည်ပတ်ကြတဲ့ နေရာတစ်ခုပါ။ ဒေသခံတွေက လိပ်ချိုင်စခန်းလို့ခေါ်ဆိုကြတယ်။ ဂေါ်ရန်ဂျီကျွန်းမှာ လိပ်ချိုင်စခန်းအပြင် မြဝတီစေတီ၊ စပါးထား၊ ကျွန်းကလေး၊ ရေချိုတွင်း စတဲ့နေရာတွေကိုလဲ သွားရောက်လေ့လာလည်ပတ်နိုင်ကြတယ်။ နံ့သာပုစခန်းနဲ့ အနီးကပ်လျက် ပင်လယ်ကမ်းခြေမှာရှိနေတဲ့ မြဝတီစေတီကို သွားမယ်ဆိုရင် စက်လှေငှားစရာမလိုဘဲ တောင်တက်စောင်းတန်းတွေအတိုင်း တက်ရောက်သွားနိုင်ပေမဲ့ အခု မိမိတို့သွားရောက်နေတဲ့ လိပ်ချိုင်စခန်း၊ စပါးထား၊ ကျွန်းကလေး၊ ရေချိုတွင်း စတဲ့နေရာတွေကို စက်လှေငှားရမ်းပြီးမှ သွားကြရပါတယ်။

စက်လှေစတင်ထွက်ခွာလာပြီး မကြာခင်မှာ ပင်လယ်ရေတွေက အစိမ်းရောင်ဖြစ်တာကို သတိထားမိလိုက်တယ်။ စက်လှေက ကမ်းနဲ့မဝေးသေးခင်အချိန်လေးအတွင်းမှာ ပင်လယ်ရေတွေက အစိမ်းရောင်ဖြစ်နေတယ်။ ဂေါ်ရန်ဂျီကျွန်းမှာရှိနေတဲ့ ပင်လယ်ရေတွေက ဘယ်လောက်သန့်ကြောင်း၊ ဘယ်လောက်ထိ ကြည်လင်နေတယ်ဆိုတာကို သက်သေပြနေသလိုဖြစ်နေပါတယ်။ စက်လှေစီးနေရင်းနဲ့ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုတဲ့အခါ ဘယ်ဘက်အခြမ်းမှာ အစိမ်းရောင်ပင်လယ်ပြင်ကြီးနဲ့ ညာဘက်အခြမ်းမှာ ကျောက်တောင်မြင့်မြင့်ကြီးတွေကို မြင်တွေ့နေရတယ်။ ကျောက်တောင်ကြီးတွေမှာ ရေတိုက်စားပြီးဖြစ်ပေါ်နေတဲ့ ကျောက်ဂူကြီးတွေ၊ ကျောက်စိုင်ကျောက်တုံးကြီးတွေ၊ တွယ်ကပ်ပေါက်ရောက်နေတဲ့ သစ်ပင်၊ နွယ်ပင်တွေရှိနေတယ်။ ရှေ့ဆက်သွားလာကြရင်းနဲ့ နောက်ထပ်အသစ်အဆန်းတွေကိုလဲ တအံ့တသြနဲ့ ထပ်မံမြင်တွေ့ရအုံးမှာပါ။

အခုလောလောဆယ် ခရီးအနေအထားအရ မိမိတို့မောင်နှမတွေက လှပမှုတွေပေါင်းစုနေတဲ့ နံ့သာပုစခန်းနဲ့ မြန်မာနိုင်ငံအစွန်းက ဂေါ်ရန်ဂျီကျွန်းကို ရောက်ရှိလေ့လာလည်ပတ်နေကြပြီ။

# ချစ်စရာအရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ယုန်ကလေးနဲ့ဖားအိုကြီး

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **ယုန်ကလေးနဲ့ဖားအိုကြီး**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်။

ဟိုးရှေးရှေးတုန်းက စိမ်းလန်းစိုပြည်ပြီး သာယာလှတဲ့ တောအုပ်ကြီးတစ်ခုထဲမှာ ဖြူဖွေးနုအိနေတဲ့ အမွေးအမှင်တွေ၊ ဝိုင်းစက်နေတဲ့မျက်လုံးကလေးတွေနဲ့ ချစ်စရာကောင်းတဲ့ "မာန်" ဆိုတဲ့ ယုန်ကလေးတစ်ကောင် နေထိုင်သတဲ့ကွယ်။

ယုန်ကလေးမာန်ဟာ ဘာပဲလုပ်လုပ် စိတ်မရှည်တတ်ဘဲ အမြဲတမ်းအလျင်စလို လုပ်တတ်သတဲ့။ အစာစားရင်လဲ ကောင်းကောင်းဝါးမစားဘဲ ကပျာကယာ မျိုတတ်သလို လမ်းလျှောက်ရင်လဲ ဖြည်းဖြည်းမှန်မှန်မလျှောက်ဘဲ ပြေးလွှားသွားတတ်သတဲ့ကွယ်။

တစ်နေ့မှာ ယုန်ကလေးမာန်ဟာ တောအုပ်အစွန်က မြက်ခင်းပြင်ဆီကို သွားဖို့ပြင်ဆင်နေပြီး ပြင်ဆင်ပြီးတာနဲ့ ယုန်ကလေးမာန်ဟာ ထုံးစံအတိုင်း နောက်ကခွေးလိုက်သလိုမျိုး ဖုန်တထောင်းထောင်းထအောင် အပြင်းအထန်ပြေးတော့သတဲ့။

အဲဒီအချိန်မှာပဲ မြက်ခင်းဘေးက ကြည်လင်နေတဲ့ ရေကန်ကြီးရဲ့အစွန်၊ ကျောက်တုံးကြီးပေါ်မှာ နေပူဆာလှုံနေတဲ့ ဖားအိုကြီးက ယုန်ကလေးမာန် ပြေးလာတာကို လှမ်းမြင်လိုက်ရပြီး ဖားအိုကြီးဟာ အတွေ့အကြုံများတဲ့အတိုင်း ရှေ့ကလမ်းအခြေအနေကို သိနေတာကြောင့် စိုးရိမ်စိတ်နဲ့ အသံကုန်ဟစ်ပြီး လှမ်းသတိပေးလိုက်သတဲ့။

"ဟေ့...ယုန်ကလေးမာန်၊ မပြေးပါနဲ့အုံးကွယ်၊ ဖြည်းဖြည်းသွားပါ။ ညက မိုးရွာထားလို့ ရှေ့ကလမ်းက တော်တော်လေးချောနေတယ်။ အလျင်စလိုလုပ်ရင် ဒုက္ခတွေ့လိမ့်မယ်"

ဒါပေမဲ့ ယုန်ကလေးမာန်ကတော့ ဖားအိုကြီးရဲ့စကားကို နားမထောင်ဘဲ ပြေးနေရင်းကနေ လှမ်းအော်ပြောလိုက်သတဲ့။

"အို...ဖားအိုကြီးကလဲ အမြဲတမ်းနှေးကွေးလိုက်တာ။ ကျွန်တော့်မှာ ဖားအိုကြီးလိုဖြည်းဖြည်းချင်းသွားနေဖို့အချိန်မရှိဘူးဗျ။ ကျွန်တော့်ရဲ့ အပြေးနှုန်းကို ဘယ်အရာကမှ တားလို့မရဘူး။ ကြည့်နေလိုက်"လို့ ဖားအိုကြီးကိုလှောင်လေးထုတ်ပြပြီး ယုန်ကလေးမာန်က လှောင်ပြောင်လိုက်သတဲ့ကွယ်။ ပြီးတော့ ဝုန်းဒိုင်းကြဲကာ ပိုပြီးအရှိန်မြှင့်လို့ ရှေ့ကိုဇွတ်အတင်းပြေးသွားသတဲ့ကွယ်။

"ငါက ခြေထောက်အားကောင်းတဲ့ ယုန်ပဲ၊ ဘာမှမဖြစ်နိုင်ပါဘူး"လို့ ယုန်ကလေးမာန်က စိတ်ထဲကနေ ကြုံးဝါးနေသတဲ့ကွယ်။ ဒါပေမဲ့ ဖားအိုကြီးပြောခဲ့သလိုပါပဲ။ ညက သည်းသည်းမည်းမည်းရွာထားတဲ့မိုးကြောင့် မြေပြင်ဟာရွှံ့စိုပြီး ချောနေပါတယ်။ ယုန်ကလေးမာန်ဟာ ကုန်းဆင်းလေးတစ်ခုကို အရှိန်နဲ့ပြေးဆင်းလိုက်တဲ့အချိန်မှာပဲ ခြေချော်သွားသတဲ့ကွယ်။



ယုန်ကလေးမာန်ဟာ အရှိန်ကိုလုံးဝထိန်းမရတော့ဘဲ မျက်လုံးကြီး အဝိုင်းသားနဲ့ "ကယ်ကြပါအုံး... ကယ်ကြပါအုံး" လို့အော်ဟစ်ပြီး ကုန်းဆင်းအတိုင်း တလိမ့်ခေါက်ကွေး လိမ့်ဆင်းသွားသတဲ့ကွယ်။ အရှိန်နဲ့ လိမ့်ဆင်းသွားတဲ့ ယုန်ကလေးမာန်ဟာ စေးကပ်ပြီး နက်ရှိုင်းလှတဲ့ ရွှံ့နွံကြီးထဲကို ပြုတ်ကျသွားသတဲ့ကွယ်။ ရွှံ့နွံထဲ ပြုတ်ကျသွားတဲ့အတွက် ယုန်ကလေးမာန်ရဲ့ ဖြူဖွေးနုအိနေတဲ့အမွေးအမှင်တွေဟာ ရွှံ့စေးတွေနဲ့ တစ်ကိုယ်လုံး မည်းတူးနေသတဲ့။

ဒါနဲ့ ယုန်ကလေးမာန်ဟာ ရွှံ့နွံထဲကနေ အတင်းရုန်းကန်ပြီး ပြန်တက်ဖို့ကြိုးစားသတဲ့။ ဒါပေမဲ့သူရုန်းလေလေ၊ သူ့ကိုစေးကပ်လှတဲ့ရွှံ့နွံတွေက အောက်ကို ပိုဆွဲနှစ်လေလေ ဖြစ်နေတာကြောင့် ရုန်းကန်ရတာ ပင်ပန်းပြီးအားအင်တွေ ကုန်ခန်းလာသတဲ့ကွယ်။ အနားမှာလဲ ကူညီမဲ့သူ ဘယ်သူမှ မရှိတာကြောင့် ယုန်ကလေးမာန်ဟာ တုန်တုန်ယင်ယင်နဲ့ ငိုမဲ့မဲ့ဖြစ်ပြီး-

"ကျေးဇူးပြုပြီး တစ်ယောက်ယောက် ကယ်ကြပါအုံးဗျာ။ ကျွန်တော် ရွှံ့နွံထဲမြုပ်တော့မယ်"လို့ အားကိုးတကြီးနဲ့ အော်ဟစ်အကူအညီ တောင်းပါတော့တယ်။

ယုန်ကလေးမာန်ဟာ ရွှံ့နွံထဲမှာ ရုန်းမရဘဲ အားကိုးတကြီး အော်ဟစ်ငိုယိုနေတဲ့ အချိန်မှာပဲ ဖားအိုကြီး ရောက်ရှိပြီး ဖားအိုကြီးဟာ ယုန်ကလေးမာန် ဇွတ်ပြေးသွားကတည်းက စိုးရိမ်စိတ်နဲ့ နောက်ကနေ လိုက်လာခဲ့တာဖြစ်လို့ ဖားအိုကြီးက "ယုန်ကလေးမာန်... မစိုးရိမ်နဲ့အုံး၊ မင်း အတင်းမရုန်းနဲ့၊ ငြိမ်ငြိမ်လေးနေ။ ငါအကူအညီသွားခေါ်ပေးမယ်" လို့ အော်ပြောပြီး တောအုပ်ထဲကို အမြန်ဆုံးသွားသတဲ့ကွယ်။

ဖားအိုကြီးဟာ လမ်းမှာတွေ့တဲ့ ခွန်အားဗလကြီးမားတဲ့ ဝက်ဝံကြီး နဲ့ သစ်ပင်ပေါ်က မျောက်ကလေးတို့ကို အကျိုးအကြောင်းပြောပြပြီး အမြန်ခေါ်လာသတဲ့ကွယ်။ ခဏအတွင်းမှာပဲ ဖားအိုကြီးနဲ့အတူ ဝက်ဝံကြီးနဲ့ မျောက်ကလေးတို့ ရွှံ့နွံဘေးကို ရောက်လာကြပြီး မျောက်ကလေးက သစ်ပင်ပေါ်ကနေ ခိုင်ခံ့တဲ့နွယ်ကြိုးတစ်ချောင်းကို လှမ်းပစ်ပေးလိုက်ကာ-

"ယုန်ကလေးမာန်...ဒီနွယ်ကြိုးကို လက်နှစ်ဖက်နဲ့ မြဲမြဲကိုင်ထားလိုက်" လို့ အော်ပြောသတဲ့ကွယ်။

ယုန်ကလေးမာန်လဲ ကြောက်ကြောက်လန့်လန့်နဲ့ နွယ်ကြိုးကို မိအောင်လှမ်းကိုင်လိုက်တဲ့အခါမှာတော့ သန်မာလှတဲ့ ဝက်ဝံကြီးက နွယ်ကြိုးကို အားကုန်သုံးပြီး အပေါ်ကို ဆွဲတင်ပေးလိုက်သတဲ့။

ဒီလိုနဲ့ ယုန်ကလေးမာန်လဲ ရွှံ့နွံထဲကနေ ကုန်းပေါ်ကို ဘေးကင်းကင်းနဲ့ ပြန်လည်ရောက်ရှိသွားသတဲ့။ တစ်ကိုယ်လုံး ရွှံ့တွေပေပွပြီး တုန်တုန်ယင်ယင်ဖြစ်နေတဲ့ ယုန်ကလေးမာန်ဟာ သူ့ကို ကယ်တင်ပေးခဲ့တဲ့ ဝက်ဝံကြီး၊ မျောက်ကလေးနဲ့ ဖားအိုကြီးတို့ကို အားနာတဲ့အကြည့်နဲ့ ကြည့်ပြီး-

"ကျွန်တော့်ကို ကယ်တင်ပေးကြလို့ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော် အလျင်စလိုလုပ်ပြီး ဖားအိုကြီးရဲ့စကားကို နားမထောင်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်"လို့ မျက်နှာငယ်ကလေးနဲ့ ဝန်ခံစကားပြောလိုက်သတဲ့ကွယ်။

ဖားအိုကြီးက ယုန်ကလေးမာန်ရဲ့ ခေါင်းလေးကို ပွတ်ပေးရင်း-

"ရပါတယ် ယုန်ကလေးမာန်ရယ်။ နောင်ဆိုရင် ဘာပဲလုပ်လုပ် အလျင်စလိုမလုပ်ဘဲ ဖြည်းဖြည်းမှန်မှန်နဲ့ သတိထားလုပ်ပါကွယ်"လို့ ဆုံးမလိုက်သတဲ့ကွယ်။

အဲဒီနေ့ကစပြီး ယုန်ကလေးမာန်ဟာ အလျင်စလိုလုပ်တတ်တဲ့အကျင့်ဆိုးကြီးကို လုံးဝပြင်ဆင်လိုက်ပြီး တောအုပ်ထဲမှာ ဘာပဲလုပ်လုပ် သတိရှိရှိနဲ့ ဖြည်းဖြည်းမှန်မှန် လုပ်တတ်တဲ့ ယုန်လိမ္မာကလေးဖြစ်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ပုံပြင်ကပေးတဲ့ သင်ခန်းစာကတော့ လူကြီးသူမတွေရဲ့ သတိပေးစကားကို နားထောင်ရမယ်။ ဘာမဆို အလျင်စလိုမလုပ်ဘဲ ဖြည်းဖြည်းမှန်မှန်နဲ့ သတိရှိရှိ လုပ်ဆောင်ရမယ်ပေါ့ကွယ်။

**ဒေါက်တာအောင်ညွန့်ပိုင်**

## ကြက်တူရွေးကလေး စကားချို

- ကြက်တူရွေးက စကားချို
  ယဉ်ကျေးလိမ္မာပို၊
  အေးရိပ်ခိုပါ နားစေသား
  ရွှေကျေးဆိုစကား။

- သကာပျားလို ချိုသာစွာ
  စကားအသံသာ၊
  ပီယဝါစာ ပြောကြားမှ
  လူတိုင်းချစ်ခင်ကြ
  ယဉ်ကျေးလိမ္မာလှ။ ။



**အလင်္ကာ(ပွင့်ဖြူ)**


## ခြင်ကျားသတိ

- ခြင်ကျားကောင်များ မကိုက်အောင်
  အသိတစ်လုံးဆောင်။

- အရိပ်မှောင်မှောင် ရှိသောဘက်
  သွားလိုစိတ်ကိုဖျက်။

- ကျောင်းတက်ကျောင်းဆင်း မောင်မယ်တွေ
  နှိုးဆော်ပါရစေ။

- အင်္ကျီလက်ရှည် ကိုယ်ပေါ်မှေး
  လုံချည် ထူထူလေး
  ဝတ်ကာ ကျောင်းတက်ပေး။ ။



**ချမ်းမြေ့(ဇလွန်မြေ)**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



ရွှေဘို ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ငှက်ပျောကေ ၁၄၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ငှက်ပျောကေ ၁၄၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငှက်ပျောစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှား ရောဂါကင်းစင်ဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ငှက်ပျောစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ကေလျှင် ငှက်ပျောပင် ၁၀၀၀ ဝန်းကျင်ထိ စိုက်ပျိုးပြီး တစ်ကေလျှင် အသီးသီးသည့်အချိန်ထိ စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိကြောင်း၊ အသီးသီးချိန်တွင် တစ်ကေလျှင် ငွေကျပ်သိန်း ၅၀ ခန့် ပြန်လည်ရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် ဇွန် ၂၇


ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်ပဒိုင်လေး ကျေးရွာအုပ်စု ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျိုက်ပဒိုင်လေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၆၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျိုက်ပဒိုင်လေး ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၆၆၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

နွဲ့ယဉ်



# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

နေပြည်တော် - အမှတ်(၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၄၇၀၂၊ ၀၉ - ၄၄၉၀၈၈၀၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မိုးဇာ**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/က)၊ အကွက်အမည် - **မိုးဇာ**ကွင်း၊ ဦးပိုင်အမှတ်(၁၃၇/ခ)ရေိယာ (၀.၀၄၀)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၃၈
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၁၃၇/က
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးဝင်းနောင်ပိုင် + ဒေါ်ဆုမွန်ကျော်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မင်းလမ်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈/၂၂**)၊ အကွက်အမည် - **ပွဲဆိပ်**ကွင်း၊ ဦးပိုင်အမှတ်(၃၉/က)ရေိယာ (၀.၀၄၈)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၃၈
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၃၉/ခ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ဥမ္မာလွင်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၀/က)၊ ဦးပိုင်အမှတ်(၃၄)ရှိ မြေကွက်ပေါ်တွင် ဦးစံတင်(၉/မခန(နိုင်)၀၂၈၃၅၇) ကိုင်ဆောင်သူမှ အလျား ၅၅'-၀"၊ အနံ ၅'-၆" ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၂၀၆)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးကျော်ဇော(၉/မခန(နိုင်)၂၄၃၇၈၅) ကိုင်ဆောင်သူမှ အလျား ၂၀၁'-၀"၊ အနံ ၅'-၆" ရှိ အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်နန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိန်လှိုင်** ဖြစ်ပါကြောင်း။

**ဦးစိန်လှိုင်(၉/ခမစ(နိုင်)၁၂၄၀၄၁)**

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ ဥယျာဉ်တော်အုပ်စု၊ သရက်တန်းကျေးရွာ၊ အမက သရက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မခိုင်နှင်းဝေ နှင့် Grade-4 တွင် ပညာသင်ကြားနေသော မောင်နေထူးနိုင်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမန်းညွန့်ဝင်း** ဖြစ်ပါကြောင်း။

**ဦးမန်းညွန့်ဝင်း(၉/အမရ(နိုင်)၁၇၄၄၃၂)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ ကားဆိပ်ရပ်နေ ဦးလေးသောင်း၏သမီး **ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု**(၉/စကတ(နိုင်)၀၃၅၈၇၃)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု**

**၉/စကတ(နိုင်)၀၃၅၈၇၃**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမှတ်(၂၄)၊ မူလတန်းလွန်ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော ဦးဝေယံမောင်မောင်၏သား မောင်သုတထက်ကို ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်သုတထက်နိုင်** ဖြစ်ပါကြောင်း။

**မောင်သုတထက်နိုင်**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ(၄)၊ ရပ်ကွက်(၅)နေ မောင်ဆိုင်ကပ် (ဘ) ဦးဆမ်စကင့်(၁၃/လရန(နိုင်)၂၁၇၂၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-485057)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-666673177**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



## အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## FIFA U-15 World Cup and Festival 2026 တွင် မြန်မာ ယူ-၁၅ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇွန် ၂၇**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၃၁ ရက်ထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် "FIFA U–15 World Cup and Fes–tival 2026" (ယူ–၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်)တွင် မြန်မာ ယူ–၁၅ အမျိုးသားအသင်းဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာ ယူ–၁၅ အသင်း ပဏာမကစားသမားရွေးချယ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်လူငယ်များ၊ ပါရမီရှင် ရွက်ပုန်းသီးလူငယ်များ မကျန် စနစ်တကျရွေးချယ်မှုများပြုလုပ်မည်ဖြစ်ပြီး Scouting ပြုလုပ်ခြင်း၊ **စာမျက်နှာ ၂၀ ကော်လံ ၁ ❖**




## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု Esports အသင်း(Zanaka) ဝင်ရောက်ယှဉ်ပြိုင်မည်




**ရန်ကုန် ဇွန် ၂၇**

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု Esports အသင်း(Team Zanaka)သည် အားကစားနည်း ငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များရရှိရန် အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် KBZ Life insurance ရုံးတွင် ကျင်းပသည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင် Esports အသင်း (Team Zanaka)သည် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲအကြို ဒေသတွင်းလက်ရည်စစ်ပွဲများကို သက်ဆိုင်ရာနိုင်ငံများတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အာရှအကောင်းဆုံး ၁၂ နိုင်ငံအဆင့်သို့ တက်လှမ်းကာ **စာမျက်နှာ ၂၀ ကော်လံ ၁ ■**

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့် အဖွဲ့က အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲပြုလုပ်စဉ်။

**ဘုရား၊ စေတီများနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်** စာမျက်နှာ – ၂၁

**အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တိုက်ခိုက်** စာမျက်နှာ – ၆

**ပြောင်းလဲလာသော ဈေးကွက်ဖော်ဆောင်မှု** ဆောင်းပါး စာမျက်နှာ – ၄

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၂၇**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို **စာမျက်နှာ ၂၂ ကော်လံ ၁ ●**



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးမှုမှတ်တမ်းဓာတ်ပုံ။